# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၇၈)၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ ၁၅-၂-၂၀၂၅၊ စနေနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ဘုရား အစရှိသော ပညာရှိတို့သည် ဈာန်တရားကို လေ့လာပွားများကြ၍ ကိလေသာငြိမ်းရာ နိဗ္ဗာန်အာရုံ၌ မွေ့လျော်ကုန်၏။ သတိရှိတော်မူကြ၍ သစ္စာလေးပါး တရားကို ကောင်းစွာ သိတော်မူကုန်သော ထိုဘုရား အစရှိသည့် သူတော်ကောင်းတို့ကို နတ်တို့သည်လည်း ချစ်မြတ်နိုးကုန်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၏ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ကျင်းပပြုလုပ်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME အေဂျင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြခန်းတာဝန်ခံများ၊

စာမျက်နှာ ၃ သို့

○ ထုတ်ကုန်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့် အမျိုးအစားများအလိုက် ဆုအမျိုးအစား ခုနစ်ဆု၊ ဆုပေါင်း ၆၃ ဆု ချီးမြှင့်ပေးအပ်ခြင်းဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု(Digital Transformation)ကို လက်တွေ့ကျကျဆောင်ရွက်သည့်အနေဖြင့် Digital Trophy၊ ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုငွေသားဆု စုစုပေါင်း ကျပ်သိန်း ၇၅၀ အား ပေးအပ်ချီးမြှင့်ခဲ့ပြီး အဆိုပါ ငွေသားဆုများအား ချီးမြှင့်သူက Digital Payment System ဖြင့် ငွေလွှဲပို့ချီးမြှင့်ခြင်းဖြစ်ကာ ဆုချီးမြှင့်ခံရသူ အသီးသီး၏ E-Banking Account မှတစ်ဆင့် ချီးမြှင့်ငွေအသီးသီးကို လက်ခံရရှိမည်




အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသေးစားထုတ်ကုန်လုပ်ငန်းတွင် ပထမဆုရရှိသူ မန္တလေးတိုင်းဒေသကြီး "Healthy & Happy" စားသောက်ကုန်လုပ်ငန်းမှ ဒေါ်မေနှင်းဝေအား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ ဖေဖော်ဝါရီ ၁၅ ရက်၊ စနေနေ့။

# မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံသည် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ရန်၊ အလေးထားတန်ဖိုးထားရန်နှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ယူနက်စကို၏ ၂၀၀၃ ခုနှစ်၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပဋိညာဉ်စာချုပ် (2003 Convention for the Safeguarding of the Intangible Cultural Heritage)ကို ၂၀၁၄ ခုနှစ်၊ မေလ ၇ ရက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။

ယခုအခါ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ Practice of Thanakha Culture in Myanmar အား ယူနက်စကို၏ (၂၀) ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ညီလာခံတွင် ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity)တွင် ပါဝင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ အဆိုပြုစာတွဲအား ယူနက်စကိုသို့ တင်သွင်းရာတွင် လိုအပ်လျက်ရှိသော ဓာတ်ပုံမှတ်တမ်းများ၊ ဗီဒီယိုမှတ်တမ်းများ၊ နိုင်ငံတစ်ဝှမ်းရှိ အသင်းအဖွဲ့အသီးသီးမှ သဘောတူညီကြောင်းစာ (Consent Letter) များ အချိန်မီရရှိနိုင်ရန်အတွက်လည်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့နှင့်ပူးပေါင်း၍ ရိုက်ကူးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ Practice of Thanakha Culture in Myanmar အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် အကြိုလှုပ်ရှားမှုအဖြစ် မြန်မာ့သနပ်ခါးကို လူမျိုးဘာသာမရွေး နှစ်ခြိုက်ခုံမင်စွာ အသုံးပြုကြောင်း ပြသနိုင်ရန် ဖေဖော်ဝါရီ ၇ ရက်မှစ၍ ၁၄ ရက်အထိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနလက်အောက်ရှိ ပြတိုက်နှင့် စာကြည့်တိုက်များ၊ အမျိုးသားပြတိုက် (ရန်ကုန်၊ နေပြည်တော်)တို့တွင် သနပ်ခါးနှင့်ဆက်စပ်သော ကျောက်ပျဉ်၊ သနပ်ခါး၊ မှန်၊ သနပ်ခါးရေခွက်များထားရှိ၍ ပြတိုက်သို့လာရောက်ကြသည့် ဧည့်သည်များ ပျော်ရွှင်စွာအသုံးပြုနိုင်ရေး လှုပ်ရှားမှုတစ်ရပ်အနေဖြင့် ဆောင်ရွက်ခဲ့သည်။

သနပ်ခါးယဉ်ကျေးမှု ဆက်လက်ရှင်သန်စေရန်၊ အသုံးပြုမှု ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မျိုးဆက်သစ်များက လက်ဆင့်ကမ်း ဆက်လက်ထိန်းသိမ်းသွားနိုင်စေရန် ရည်ရွယ်၍ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကလည်း မြန်မာ့သနပ်ခါးနေ့ဟု သတ်မှတ်ထားသည့် တပို့တွဲလပြည့်နေ့တွင် ရန်ကုန်မြို့၊ စိမ်းလန်းစိုပြေဥယျာဉ်၌ သွေးချင်းစုံလင်၊ သနပ်ခါးပွဲတော်သဘင် (Together through Thanakha)ကို စီစဉ်ကျင်းပခဲ့သည်။

အဆိုပါပွဲတော်သို့ တိုင်းရင်းသားအသင်းအဖွဲ့များ၊ ရုပ်ရှင်ဂီတသရုပ်ဆောင်များ၊ အနုပညာရှင်များ၊ ပြည်သူများလာရောက်ဆင်နွှဲခဲ့ကြပြီး မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းခြင်းအတွက် သဘောတူညီကြောင်း လွတ်လပ်စွာ ဆန္ဒပြုလျက် လက်မှတ်ရေးထိုးခဲ့ကြောင်း ရေးသားလိုက်ရပေသည်။

## သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မကွေး)တွင် ထမင်းစားဆောင် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ



**မကွေး ဖေဖော်ဝါရီ ၁၄**

သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မကွေး)ရှိ ထမင်းစားဆောင် RC (၁)ထပ်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ရက်က အဆိုပါ အဆောက်အအုံသစ်ရှေ့တွင် ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းကျောင်းမှ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများ တက်ရောက်သည်။

ရှေးဦးစွာ ထမင်းစားဆောင် အဆောက်အအုံသစ်အား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီခဲ့သည့် ဘင်ခရာအဖွဲ့နှင့် ပန်းပွားအဖွဲ့အား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများပေးအပ်ကာ တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထမင်းစားဆောင်အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရေဖြင့် ပက်ဖျန်းပေးခဲ့ပြီး အဆောက်အအုံအတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့သည်။

ဆက်လက်၍ ထမင်းစားဆောင် အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အဆိုပါ သင်တန်းကျောင်းရှိ သီရိရတနာခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် သင်တန်းကျောင်းအား အခြေခံပညာ Grade-9 အောင်မြင်ပြီး ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိသူများကို စာရင်းရေးစာရင်းကိုင်နှင့် ကွန်ပျူတာပညာတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်စေရန်နှင့် သင်တန်းသားများအနက် သင်တန်းပြီးဆုံးပါက ထူးချွန်သူများကို ရွေးချယ်၍ သမဝါယမကောလိပ်များသို့ပေါင်းကူး၍ ပညာဆက်လက်သင်ယူနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ စာရင်းကိုင်ပညာဖြင့် သက်မွေးဝမ်းကျောင်းနိုင်သည့်သူများဖြစ်အောင် ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မကွေး)ကျောင်းအုပ်ဆရာမကြီးက ထမင်းစားဆောင် အဆောက်အအုံသစ် ဆောက်လုပ်မှုအခြေအနေအား ရှင်းလင်းတင်ပြပြီး ထမင်းစားဆောင်အဆောက်အအုံသစ်နှင့် ပတ်သက်သည့်အချက်အလက်များအား ရွှေမန်းမကွေးဆောက်လုပ်ရေးကုမ္ပဏီက လွှဲပြောင်းပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့သည်။

ယင်းနောက် အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အထိမ်းအမှတ်ဂုဏ်ပြုအလံနှင့် ဖွင့်ပွဲအမှတ်တရပစ္စည်းများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကို အသီးသီးပေးအပ်ခဲ့ပြီး ယနေ့ဖွင့်လှစ်ခဲ့သည့် ထမင်းစားဆောင် RC (၁)ထပ် (ပေ၁၀၀ ×၄၀ပေ×၁၂ပေ) အဆောက်အအုံသစ်ကို ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်း အသုံးစနစ်မှ ကျပ်သန်း(၂၃၃ ဒသမ ၉၀)ဖြင့် ရွှေမန်းမကွေး ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အောင်ကို(ဖန်ခါးမြေ)**

## ပြည်ကြီးတံခွန်မြို့နယ်လူမှုဖူလုံရေးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့်အလုပ်ဌာနမှ အာမခံအလုပ်သမား၏ ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေထုတ်ပေး

**မန္တလေး ဖေဖော်ဝါရီ ၁၄**

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်(ငွေလုံးငွေရင်း) ခွင့်ပြုထုတ်ပေးခြင်းကို မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးနှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ရုံးများတွင် ခွင့်ပြုထုတ်ပေးလျက်ရှိရာ ပြည်ကြီးတံခွန်မြို့နယ် လူမှုဖူလုံရေးရုံးအနေဖြင့် ယနေ့အထိ အမှုတွဲပေါင်း ၅၆၉၀ မှုအတွက် ငွေကျပ် ၄၄၅ သန်းကျော် ခွင့်ပြုထုတ်ပေးထားခြင်းဖြစ်ကြောင်း အဆိုပါလူမှုဖူလုံရေးရုံးမှ သိရသည်။

ထိုသို့ ခွင့်ပြုထုတ်ပေးလျက်ရှိရာတွင် ပြည်ကြီးတံခွန်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် ချမ်းမြသာစည်မြို့နယ်ရှိ Denko Trading Co.,Ltd မှလုပ်ငန်းခွင် ထိခိုက်သေဆုံးသွားသော အာမခံအလုပ်သမား ဦးရှိန်းကိုကို(ယာဉ်မောင်း)၏ ကျန်ရစ်သူအကျိုးခံစားခွင့် အဆ(၃၀) ခွင့်ပြုငွေ ၅၁၀၀၀၀၀ ကျပ်နှင့် NTT သစ်အချောထည် စက်ရုံမှ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် ခွင့်ပြုငွေ ၁၈၆၂၇၈၄ ကျပ် စုစုပေါင်းခွင့်ပြုငွေ ၆၉၆၂၇၈၄ ကျပ်အား တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးခန်းမတွင် ဖေဖော်ဝါရီ ၁၁ရက်က တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက ခွင့်ပြုထုတ်ပေးခဲ့ရာ ကျန်ရစ်သူမိသားစုနှင့် သက်ဆိုင်ရာအာမခံအလုပ်သမားတို့က လက်ခံရယူခဲ့သည်။




မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူမှုဖူလုံရေးရုံးခွဲများတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် ဌာနများမှ အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိရာ အလုပ် ဌာနများအနေဖြင့် လူမှုဖူလုံရေးနှင့် အကျိုးဝင်မှတ်ပုံတင်ထားသည့် အလုပ်သမားများကို အာမခံထားပေးခြင်းအားဖြင့် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ထုတ်ပေးနေကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အငယ်စားထုတ်ကုန်လုပ်ငန်းတွင် ပထမဆုရရှိသူ စစ်ကိုင်းတိုင်းဒေသကြီး "သံစဉ်နေလ" ပျားရည်သန့်စင်စက်ရုံမှ ဦးပြည့်ဖြိုးလှိုင်အား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အလတ်စားထုတ်ကုန်လုပ်ငန်းတွင် ပထမဆုရရှိသူ ရန်ကုန်တိုင်းဒေသကြီး "သလ္လာဝတီ" ကုမ္ပဏီလီမိတက်မှ ဦးထူးဝေအား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အသေးစားထုတ်ကုန်လုပ်ငန်းတွင် ဒုတိယဆုရရှိသူ ဧရာဝတီတိုင်းဒေသကြီး"M-Treasure" ကွမ်းသီးဖက်ထုတ်ကုန်လုပ်ငန်းမှ ဒေါ်မာလာစန်းအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အငယ်စားထုတ်ကုန်လုပ်ငန်းတွင် ဒုတိယဆုရရှိသူ ရန်ကုန်တိုင်းဒေသကြီး "MG Myanmar Gasket"အမျိုးမျိုး ထုတ်ကုန်လုပ်ငန်းမှ ဦးဇင်မျိုးထိုက်အား ဂုဏ်ပြုဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အလတ်စားစီးပွားရေးလုပ်ငန်းတွင် ဒုတိယဆုရရှိသူ ပြည်ထောင်စုနယ်မြေ နေပြည်တော် "မြန်မာ ရွှေသစ်သီးဝလံ" ကုမ္ပဏီလီမိတက်မှ ဒေါ်လဲ့လဲ့ဦးအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

**✪ ရှေ့ဖုံးမှ**

ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အသေးစားစက်မှုလက်မှုလုပ်ငန်း (စားသောက်ကုန်၊ လူသုံးကုန်၊ ရက်ကန်းထည်၊ လက်မှုထည်) စံပြထုတ်ကုန် အထူးဆုရရှိသူ ၁၂ ဦးတို့အား လည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ကုန်ထုတ်သမဝါယမအသင်း စွမ်းဆောင်ရည် အထူးဆုရရှိသူ ငါးဦးနှင့်အသေးစား (Micro)စီးပွားရေးလုပ်ငန်းများ အထူးဆုရရှိသူငါးဦးတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက အငယ်စား(Small) စီးပွားရေးလုပ်ငန်းများ အထူးဆုရရှိသူ ငါးဦးနှင့် အလတ်စား (Medium)စီးပွားရေးလုပ်ငန်းများ အထူးဆုရရှိသူ ငါးဦးတို့အား လည်းကောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အကောင်းဆုံးဆု ရရှိကြသည့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ စာမျက်နှာ ၄ သို့ »»»



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ကုန်ထုတ်သမဝါယမအသင်း စွမ်းဆောင်ရည်ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး"သီရိစန္ဒာ" အထည်ချုပ်နှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းမှ တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် အသေးစားစက်မှုလက်မှုလုပ်ငန်းတွင် စံပြထုတ်ကုန်ဆုရရှိသူ မကွေးတိုင်းဒေသကြီး "ခါတော်ဦး" စားသောက်ကုန်လုပ်ငန်းမှ ဒေါ်မိုးသူဇာအား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။



အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကုန်ထုတ်သမဝါယမအသင်း စွမ်းဆောင်ရည်ဆု ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သမဝါယမအသင်းစု "အနော်ရထာ" ဆီစက်လုပ်ငန်းမှ တာဝန်ရှိသူအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆုရရှိကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် အသေးစား စက်မှုလက်မှုလုပ်ငန်းတွင် စံပြထုတ်ကုန်ဆုရရှိသူ ရန်ကုန်တိုင်းဒေသကြီး "ချမ်း" လူသုံးကုန်လုပ်ငန်းမှ ဒေါ်ခင်ချမ်းမြေ့သူအား ဂုဏ်ပြုဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် အသေးစား စက်မှုလက်မှုလုပ်ငန်းတွင် စံပြထုတ်ကုန်ဆုရရှိသူ မန္တလေးတိုင်းဒေသကြီး "အင်ကြင်းချယ်" ရက်ကန်းလုပ်ငန်းမှ တာဝန်ရှိသူအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် အသေးစား စက်မှုလက်မှုလုပ်ငန်းတွင် စံပြထုတ်ကုန်ဆုရရှိသူ ပြည်ထောင်စုနယ်မြေ နေပြည်တော် "နေပြည်တော်ပုံရိပ်သစ်" လက်မှုလုပ်ငန်းမှ ဒေါ်အိအိဝင်းအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

»»» စာမျက်နှာ ၃ မှ

ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အကောင်းဆုံးဆုရရှိကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အသေးစား စက်မှုလက်မှုလုပ်ငန်း (စားသောက်ကုန်၊ လူသုံးကုန်၊ ရက်ကန်းထည်၊ လက်မှုထည်) စံပြထုတ်ကုန်ဆုရရှိသူ လေးဦးနှင့် အသေးစား၊ အငယ်စား၊အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ကုန်ထုတ်သမဝါယမအသင်း စွမ်းဆောင်ရည် တတိယဆုရရှိသူများ ဖြစ်ကြသည့် အသေးစားထုတ်ကုန်လုပ်ငန်းတွင် ရန်ကုန်တိုင်းဒေသကြီး "ဝိသာခါ" အမွေးတိုင်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး လုပ်ငန်းမှ ဒေါ်ဖြူဖြူဦး၊ အငယ်စားထုတ်ကုန်လုပ်ငန်းတွင် မန္တလေးတိုင်းဒေသကြီး "HMG" မော်တော်ယာဉ်လေစစ်ဘူးလုပ်ငန်းမှ ဦးလှိုင်မိုး၊ အလတ်စား ထုတ်ကုန်လုပ်ငန်းတွင် တနင်္သာရီတိုင်းဒေသကြီး "မြန်မာအတ္တလန်တစ်" ကုမ္ပဏီလီမိတက်မှ ဦးစိုးမိုးနိုင်၊ သမဝါယမအသင်း စွမ်းဆောင်ရည်ဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် "သားတင်ဦး" အထွေထွေ စီးပွားရေးလုပ်ငန်းသမဝါယမအသင်းမှ တာဝန်ရှိသူတို့အား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အသေးစား၊အငယ်စား၊အလတ်စား စီးပွားရေး လုပ်ငန်းများနှင့် ကုန်ထုတ် သမဝါယမအသင်း စွမ်းဆောင်ရည် ဒုတိယဆုရရှိကြသူများဖြစ်သည့် အသေးစား ထုတ်ကုန်လုပ်ငန်းတွင် ဧရာဝတီတိုင်းဒေသကြီး "M-Treasure" ကွမ်းသီးဖက် ထုတ်ကုန်လုပ်ငန်းမှ ဒေါ်မာလာစန်း၊ အငယ်စား ထုတ်ကုန်လုပ်ငန်းတွင် ရန်ကုန်တိုင်းဒေသကြီး "MG Myanmar Gasket" အမျိုးမျိုးထုတ်ကုန် လုပ်ငန်းမှ ဦးဇင်မျိုးထိုက်၊ အလတ်စား စီးပွားရေးလုပ်ငန်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော် "မြန်မာရွှေသစ်သီးဝလံ"ကုမ္ပဏီလီမိတက်မှ ဒေါ်လှဲ့လှဲ့ဦးနှင့် ကုန်ထုတ် သမဝါယမအသင်း စွမ်းဆောင်ရည်ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး "သီရိစန္ဒာ" အထည်ချုပ်နှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းမှ တာဝန်ရှိသူတို့အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အသေးစား၊အငယ်စား၊အလတ်စား စီးပွားရေးလုပ်ငန်းများနှင့်ကုန်ထုတ် သမဝါယမအသင်း စွမ်းဆောင်ရည် ပထမဆုရရှိသူများဖြစ်ကြသည့်အသေးစားထုတ်ကုန်လုပ်ငန်းတွင်

စာမျက်နှာ ၅ သို့ »»»



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် အသေးစား ကုန်ထုတ်လုပ်ငန်းတွင် တတိယဆုရရှိသူ ရန်ကုန်တိုင်းဒေသကြီး "ဝိသာခါ" အမွေးတိုင်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးလုပ်ငန်းမှ ဒေါ်ဖြူဖြူဦးအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် အငယ်စားကုန်ထုတ်လုပ်ငန်းတွင် တတိယဆုရရှိသူ မန္တလေးတိုင်းဒေသကြီး“HMG” မော်တော်ယာဉ်လေစစ်ဘူးလုပ်ငန်းမှ ဦးလှိုင်မိုးအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် အလတ်စားကုန်ထုတ်လုပ်ငန်းတွင် တတိယဆုရရှိသူ တနင်္သာရီတိုင်းဒေသကြီး “မြန်မာအတ္တလန်တစ်” ကုမ္ပဏီလီမိတက်မှ ဦးစိုးမိုးနိုင်အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သမဝါယမအသင်းစွမ်းဆောင်ရည်ဆု တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် “သားတင်ဦး” အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းမှ တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အကောင်းဆုံးဆုရရှိသူ ကချင်ပြည်နယ် “ကဆန်ထီ” စားသောက်ကုန်လုပ်ငန်းမှ ဒေါ်ထုံဖူးနင်ဒွေးအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အကောင်းဆုံးဆုရရှိသူ ကယားပြည်နယ် “Treasure Corn” Company Limited မှ ဒေါ်သန်းသန်းနုအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အကောင်းဆုံးဆုရရှိသူ ကရင်ပြည်နယ် “အောင်ဆန်းငွေလာ” ဆန်စက်လုပ်ငန်းမှ ဦးအောင်ဇော်ထက်အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

»»» စာမျက်နှာ ၄ မှ

မန္တလေးတိုင်းဒေသကြီး “Healthy & Happy” စားသောက်ကုန်လုပ်ငန်းမှ ဒေါ်မေနှင်းဝေ၊ အငယ်စား ထုတ်ကုန်လုပ်ငန်းတွင် စစ်ကိုင်းတိုင်းဒေသကြီး “သံစဉ်နေလ” ပျားရည်သန့်စင်စက်ရုံမှ ဦးပြည့်ဖြိုးလှိုင်၊ အလတ်စားထုတ်ကုန်လုပ်ငန်းတွင် ရန်ကုန်တိုင်းဒေသကြီး “သလ္လာဝတီ” ကုမ္ပဏီလီမိတက်မှ ဦးထူးဝေနှင့် ကုန်ထုတ် သမဝါယမအသင်းစွမ်းဆောင်ရည်ဆု ရရှိသည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သမဝါယမအသင်းစု “အနော်ရထာ” ဆီစက်လုပ်ငန်းမှ တာဝန်ရှိသူတို့အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဆုရရှိကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ MSME များ ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေပြီး ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်/ အားနည်းချက်များကို သိမြင် ဖော်ထုတ်လာစေရန်၊ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ထုတ်ကုန် ပစ္စည်းများသည် “ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန်၊ ပစ္စည်းချင်းတူပါက အရည်အသွေးပိုကောင်းရန်” ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဆောင်ရွက်နေသည့် ဒေသတစ်ခု ထုတ်ကုန်တစ်ခု အစီအမံများ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန် အသစ်များကို ပြည်ပသွင်းကုန်အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ MSME များနှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက် ပူးပေါင်း ဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများ ပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

စာမျက်နှာ ၆ သို့ »»»



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အကောင်းဆုံးဆုရရှိသူ ချင်းပြည်နယ် “ချင်းရိုးရာလက်ရက်ကန်း”လုပ်ငန်းမှ ဒေါ်နှင်းမို့မို့အောင်အား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အကောင်းဆုံးဆုရရှိသူ စစ်ကိုင်းတိုင်းဒေသကြီး “ထွန်းထွန်း” ငွေထည်ကြေးထည်မှ ဦးထွန်းထွန်းအား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အကောင်းဆုံးဆုရရှိသူ တနင်္သာရီတိုင်းဒေသကြီး ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ ဒေါက်တာအောင်လွင်အား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အကောင်းဆုံးဆုရရှိသူ ပဲခူးတိုင်းဒေသကြီး ရိုးရာမောင်ချည်ထည်လုပ်ငန်းမှ ဒေါ်သီရိရတနာလှိုင်အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အကောင်းဆုံးဆုရရှိသူ မကွေးတိုင်းဒေသကြီး စုပါမင်းဆီစက်လုပ်ငန်းမှ ဦးရဲလင်းအောင်အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အကောင်းဆုံးဆုရရှိသူ မန္တလေးတိုင်းဒေသကြီး မေမြို့ဖရက်(ရှ်)ကော်ဖီလုပ်ငန်းမှ ဦးပြည်ကျော်အား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အကောင်းဆုံးဆုရရှိသူ မွန်ပြည်နယ် နရော်ဘာ အပြားကြိတ်လုပ်ငန်းမှ ဦးစောလွင်အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အကောင်းဆုံးဆုရရှိသူ ရခိုင်ပြည်နယ် ရွှေကျားရက်ကန်းလုပ်ငန်းမှ ဒေါ်မအေးအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အကောင်းဆုံးဆုရရှိသူ ရန်ကုန်တိုင်းဒေသကြီး Bright Light Co.,Ltd. မှ ဦးမောင်မြင့်အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အကောင်းဆုံးဆုရရှိသူ ရှမ်းပြည်နယ် SHAN ORCHARD Myanmar Co.,Ltd. မှ ဒေါ်သဲစုသဇ္ဇာဗိုလ်အား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အကောင်းဆုံးဆုရရှိသူ ဧရာဝတီတိုင်းဒေသကြီးမှ Global Earth Agro & Aqua Industry Public Co., Ltd. မှ ဒေါ်ဇာခြည်ဌေးအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

»»» စာမျက်နှာ ၅ မှ

အဆိုပါပြပွဲနှင့်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချသည့် ဆိုင်ခန်းများ၊ Digital Corner နည်းပညာပြခန်း၊ MSME နှင့်ချိတ်ဆက်ထားသည့် ဆက်စပ်လုပ်ငန်းပြခန်း၊ Business Matching Hall တွင် ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးအသီးသီးမှ စီးပွားရေးသံမှူးများနှင့် ပြည်ပပို့ကုန် ပို့လိုသည့် ပြည်တွင်းလုပ်ငန်းရှင်များ အပြန်အလှန်ဆက်သွယ်နိုင်ရေး ဆောင်ရွက်ပေးထားမှု ဝန်ဆောင်မှုပြခန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ လုပ်ငန်းရှင်များအတွက် ကြော်ငြာရိုက်ကူးထုတ်လုပ်ပေးနိုင်မှု သရုပ်ပြခန်း၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများအပါအဝင် ပြခန်းစုစုပေါင်း ၉၆ ခန်းဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး ထုတ်ကုန်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့် အမျိုးအစားများအလိုက်ဆုအမျိုးအစား ခုနစ်ဆု၊ ဆုပေါင်း ၆၃ ဆု ချီးမြှင့်ပေးအပ်ခြင်းဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု (Digital Transformation)ကို လက်တွေ့ကျကျဆောင်ရွက်သည့် အနေဖြင့် Digital Trophy၊ ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုငွေသား ဆုစုစုပေါင်းငွေကျပ်သိန်း ၇၅၀ အား ပေးအပ်ချီးမြှင့်ခဲ့ပြီး အဆိုပါငွေသားဆုများအား ချီးမြှင့်သူက Digital Payment System ဖြင့် ငွေလွှဲပို့ချီးမြှင့်ခြင်းဖြစ်ကာ ဆုချီးမြှင့်ခံရသူ အသီးသီး၏ E-Banking Account မှ တစ်ဆင့် ချီးမြှင့်ငွေအသီးသီးကို လက်ခံရရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာ-တရုတ်နှစ်နိုင်ငံဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၄



မြန်မာ-တရုတ်နှစ်နိုင်ငံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာလျှိုကျုံးရီ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျား တို့ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ပိုမိုတိုးမြှင့်ခိုင်မာစေရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးအတွက် တရားဥပဒေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နယ်စပ်ဒေသရှိ အွန်လိုင်းလောင်းကစားနှင့် လိမ်လည်မှုကွန်ရက်များ ပူးပေါင်းတိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံသက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာတွင် မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး ပိုမိုမြှင့်တင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မီဒီယာများကို ရွေးကောက်ပွဲကာလ သုံးပိုင်းလုံး၌ စနစ်တကျ သတင်းရယူခွင့်ပြုမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၄



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုသည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆောင်ရွက်ထားရှိမှု၊ ရွေးကောက်ပွဲတွင် သတင်းမီဒီယာများအား သတင်းရယူခွင့် ပြုနိုင်ရေး၊ ယခင်ဆောင်ရွက်ခဲ့သည့်သတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲလမ်းညွှန်စာအုပ်ကို ပိုမိုပြည့်စုံစေရန် ညှိနှိုင်းဆောင်ရွက်ရေး၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရေး အပါအဝင် သတင်းမီဒီယာဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့အတူ လာမည့် အထွေထွေရွေးကောက်ပွဲ၌ ကော်မရှင်နှင့် သတင်းမီဒီယာ ရင်းရင်းနှီးနှီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကော်မရှင်၏ဆောင်ရွက်ချက်များ၊ ကော်မရှင်ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များနှင့် ပြောကြားလိုသည်များရှိပါက ကော်မရှင်ကို တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်သကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့မှတစ်ဆင့် မေးမြန်းနိုင်သည်ကိုလည်း အသိပေးလိုကြောင်း၊ မီဒီယာများကိုရွေးကောက်ပွဲကာလ သုံးပိုင်းလုံး၌ စနစ်တကျ သတင်းရယူခွင့်ပြုမည် ဖြစ်ကြောင်း၊ ကော်မရှင်နှင့် သတင်းမီဒီယာကောင်စီတို့ညှိနှိုင်း၍ မီဒီယာလုပ်ငန်းလမ်းညွှန်ကို ထုတ်ပြန်ပေးရန် ဆန္ဒရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကော်မရှင်အနေဖြင့် နာမည်ပျက်ခဲ့ရကြောင်း၊ လာမည့် ရွေးကောက်ပွဲတွင် ယင်းကဲ့သို့မဖြစ်စေရကြောင်း၊ တရားမျှတသော၊ ဥပဒေနှင့်ညီသော ရွေးကောက်ပွဲ ဖြစ်စေရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများသည် သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲများ ကျင်းပရာတွင် သတင်းမီဒီယာများ သတင်းရယူနိုင်ရေးနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားကြပြီး ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နွေရာသီ အခြေခံဘောလုံးနှင့် ဖူဆယ်သင်တန်းများ အခမဲ့ဖွင့်လှစ်မည်

နွေရာသီ ကျောင်းပိတ်ရက်များအတွင်း လူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တဖွံ့ဖြိုးတိုးတက်စေရေး၊ ဘောလုံးအားကစားကို ပိုမိုချစ်မြတ်နိုးရေးနှင့် လူငယ်မျိုးဆက်သစ်ကစားသမားများ ပေါ်ထွက်လာရေးတို့အတွက် ရည်ရွယ်၍ နွေရာသီ အခြေခံဘောလုံးသင်တန်းများ(အသက် ၁၀ နှစ်မှ ၁၅ နှစ်)အား ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် ပုသိမ်မြို့များတွင် အခမဲ့ဖွင့်လှစ်ရန် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်လျက်ရှိသည်။

နှစ်စဉ်ပြုလုပ်လျက်ရှိသည့် အဆိုပါ နွေရာသီအခြေခံဘောလုံးသင်တန်းများအား ယခုနှစ်တွင် AYA Pay နှင့် M21 SPORT တို့က ပံ့ပိုးကူညီထားပြီး အထက်ပါ မြို့ကြီးများတွင် အခမဲ့ဖွင့်လှစ်မည် ဖြစ်သည်။ သင်တန်းအား မတ် ၁၀ ရက်မှ ဧပြီလ ၉ ရက်အထိ နှင့် ဧပြီ ၂၈ ရက်မှ မေလ ၂၈ ရက်အထိ ပထမအသုတ်၊ ဒုတိယအသုတ် နှစ်ကြိမ်ခွဲ၍ ရန်ကုန်မြို့တွင် ဘောလုံးသင်တန်းသား ၄၀၀၊ ဖူဆယ်သင်တန်းသား ၂၀၀၊ မန္တလေးမြို့တွင် ဘောလုံးသင်တန်းသား ၄၀၀၊ တောင်ကြီးမြို့တွင် ဘောလုံးသင်တန်းသား ၂၀၀၊ ပုသိမ်မြို့တွင် ဘောလုံးသင်တန်းသား ၂၀၀၊ စုစုပေါင်း သင်တန်းသား ၁၄၀၀ အား အခြေခံဘောလုံးပညာသင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းသားများအတွက် လေ့ကျင့်ရေးဝတ်စုံများ အခမဲ့စီစဉ်ပေးသွားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် မိဘ၊ အုပ်ထိန်းသူ ကိုယ်တိုင် ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၈ ရက်နေ့အထိ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အပ်နှံနိုင်မည် ဖြစ်ပါသည်။

ပုသိမ်-၀၉-၆၉၈၈၅၈၈၂၇၊ တောင်ကြီး-၀၉-၂၅၂၆၃၆၄၂၅၊ ၀၉-၂၅၃၇၉၄၈၉၉၊ ရန်ကုန် (သုဝဏ္ဏကွင်း ဂိတ်-၂) ၀၉-၂၅၁၂၂၉၄၂၆(Grassroots hotline)၊ ၀၉-၄၀၃၇၂၅၄၂၅၊ မန္တလေး(မြန်မာဘောလုံးအကယ်ဒမီ) ၀၉-၆၉၆၄၆၃၅၆၅၊ သင်တန်းတက်ရောက်ခွင့် လျှောက်လွှာပုံစံအား အထက်ပါလင့်ခ်တွင် ရယူနိုင်ပါသည်။

**(NGB)**



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)တွင် ပါဝင်တက်ရောက်ကြမည့် သင်တန်းသားများအား သွားရောက်ကြည့်ရှုအားပေး

**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၀)တွင် ပါဝင်တက်ရောက်ကြမည့် သင်တန်းသားများ၏ စုရပ်နေရာများသို့ သွားရောက်ကြည့်ရှုကာ နှုတ်ဆက်အားပေးစကားများပြောကြားခဲ့သည်။

ထိုသို့ကြည့်ရှုရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပါ စုရပ်နေရာများသို့ရောက်ရှိစဉ် တပ်နယ်မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သင်တန်းသားများအား နေရာချထားပေးမှုများနှင့် လိုအပ်သည့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး သင်တန်းသားများအတွက် အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်၍ လိုက်လံနှုတ်ဆက်အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm

၄။ Myawady Webportal https://myawady.net.mm

၅။ Myanmar National Portal https://myanmar.gov.mm

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Asia Pacific Automaker Corporation Co., Ltd. မှ တင်သွင်းလာသောတရုတ်နိုင်ငံထုတ် Dongfeng Nissan Ariya အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Golden Mandalar Co., Ltd. မှတင်သွင်းလာသောတရုတ်နိုင်ငံထုတ် BYD Dolphin Mini အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များ၊ BYD Dolphin အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် EV Power Co., Ltd. မှ တင်သွင်းလာသောတရုတ်နိုင်ငံထုတ် BYD Dolphin အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီး၊ မဟာဇေယျပထ-မောင်အိုတံတားနှင့် အုတ်လမ်း၊ အင်းဝမြို့ဟောင်း ဒုတိယမြို့ရိုး(စည်တိုပုံမြို့ရိုး)ကျုံးတို့အား ရေရှည်ပြုပြင်ထိန်းသိမ်းနိုင်ရေးနှင့် လေ့လာဆန်းစစ်သုံးသပ်နိုင်ရေး ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီး၊ မဟာဇေယျပထ-မောင်အိုတံတားနှင့် အုတ်လမ်း၊ အင်းဝမြို့ဟောင်း ဒုတိယမြို့ရိုး (စည်တိုပုံမြို့ရိုး)ကျုံးတို့အား ရေးမှုမပျက် ရေရှည်ပြုပြင်ထိန်းသိမ်းနိုင်ရေးနှင့် လေ့လာဆန်းစစ်သုံးသပ်နိုင်ရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနများမှ တိုင်းဦးစီးမှူးများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ အင်းဝမြို့ဟောင်းသို့ လာရောက်သည့် ခရီးစဉ်၌ လမ်းညွှန်မှာကြားချက်များအပေါ် လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ လောကသရဖူဘုရားကြီး၊ မဟာဇေယျပထ-မောင်အိုတံတားနှင့် အုတ်လမ်း၊ အင်းဝမြို့ဟောင်း ဒုတိယမြို့ရိုး(စည်တိုပုံမြို့ရိုး)ကျုံးတို့အား ရေးမှုမပျက် ရေရှည်ပြုပြင်ထိန်းသိမ်းနိုင်ရေးနှင့် လေ့လာဆန်းစစ်သုံးသပ်နိုင်ရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ ကဏ္ဍအလိုက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကဏ္ဍများခွဲ၍ ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် အဓိကကဏ္ဍတွင်ပါဝင်ပြီး လုပ်ငန်းများ မြန်ဆန်ပြည့်စုံပြီးမြောက်အောင်မြင်နိုင်ရေး ဆက်နွှယ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ အချက်အလက်မှန်ကန်တိကျစွာဖြင့် စနစ်တကျပြုစုကာ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် ဖွဲ့စည်းတာဝန်ပေးထားသည့် အဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များဖြစ်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကဏ္ဍများအလိုက် ဆောင်ရွက်မည့်လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြီးနောက် ဌာနဆိုင်ရာ တိုင်းဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မှုအစီအမံများ၊ ကြုံတွေ့နိုင်မည့်အခြေအနေများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



# နွေစပါးပျိုးသက်နုကောက်ကွက်ကြဲ (SRI) စိုက်ပျိုးနည်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**ကျွန်းလှ ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် နွေစပါးပျိုးသက်နုကောက်ကွက်ကြဲ (SRI) စိုက်ပျိုးနည်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၈ နာရီက ဘိုယားတမံအနီး လယ်မြေ ၅ ဧက၌ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပျိုးသက်နုကောက်ကွက်ကြဲ (SRI)နည်းဖြင့် စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသော မည်သည့်စပါးမျိုးမဆို စိုက်ပျိုးနိုင်ကြောင်း၊ စပါးပင်များ ကျန်းမာသန်စွမ်းပြီး အထွက်နှုန်းကောင်းမွန်ကြောင်း၊ မြေ၊ အရင်းအနှီး၊ လုပ်အားနှင့် ရေတို့ အကန့်အသတ်ရှိသူများ အကျိုးအမြတ် အများဆုံးရရှိကြောင်း ရှင်းလင်းပြောကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ နွေစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ ကျွန်းလှမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဖြိုးသန့်ဇင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံ တောင်သူများ ကြည့်ရှုအားပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ကျွန်းလှမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၆၆ ဧက စိုက်ပျိုးရန်လျာထားပြီး ဘိုယားတမံမှ ရေသွယ်စနစ်ဖြင့် ဧက ၄၀ ကျော်စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

ဝ-ဝ-ဝ-ဝ-ဝ

# စမ်းဝတီသဘာဝမြေသြဇာသုံးစွဲနည်း ပညာပေးဟောပြောပွဲ ကျင်းပ

**မြစ်သား ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မန္တလေးတိုင်းဒေသကြီး အသင်းစုချုပ်နှင့် စမ်းဝတီသဘာဝမြေသြဇာထုတ်လုပ်ရေးသမဝါယမအသင်းတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် သဘာဝမြေသြဇာသုံးစွဲနည်းပညာပေးဟောပြောပွဲကို မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေးက အဖွင့်အမှာစကားပြောကြားပြီး စမ်းဝတီသဘာဝမြေသြဇာထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်၏ မန်နေဂျာ ဦးတင်အောင်ထွန်းက စိုက်ပျိုးရေးလုပ်ငန်းများ ရေရှည်ကောင်းမွန်ပြီး ဖြစ်ထွန်းအောင်မြင်စေရန် စမ်းဝတီသဘာဝမြေသြဇာထုတ်လုပ်ရေးသမဝါယမအသင်းမှ ထုတ်လုပ်သော သဘာဝမြေသြဇာ၏ အရည်အသွေးများ ပါဝင်ပစ္စည်းသုံးစွဲနည်းနှင့် အကျိုးသက်ရောက်မှုများကို သိရှိပြီး အသင်းသားတောင်သူများ ထိထိရောက်ရောက် သုံးစွဲရန်အကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းနိုင်က သဘာဝမြေသြဇာသုံးစွဲခြင်းနှင့် ပတ်သက်ပြီး ရရှိလာမည့်အကျိုးကျေးဇူးများနှင့် စိုက်ပျိုးရေးနည်းပညာများကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာသော သမဝါယမအသင်းသား တောင်သူများက အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေး၊ မြို့နယ်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းနိုင်နှင့် ဝန်ထမ်းများ၊ သမဝါယမအသင်းလီမိတက်မှ အသင်းသားများ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာများရှိ သမဝါယမအသင်းသား တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဝါဝါမြင့်(မြစ်သား)**




**ပန်းမန်သစ်ပင်၊ လေသန့်စင်၍၊ ဥယျာဉ်တောတန်း၊ စိတ်ရွှင်လန်း၏။**

# ချမ်းမြသာစည်မြို့နယ်တွင် အများပြည်သူအသုံးပြုရန် လမ်းမြေလှူဒါန်းခြင်းနှင့် နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်တွင် အများပြည်သူ အသုံးပြုရန် မန္တလေးရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့လီမိတက်မှ လမ်းမြေလှူဒါန်းခြင်းနှင့် နိုင်လွန်ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ လမ်း၇၀၊ ၁၀၁လမ်း(သိပ္ပံလမ်း)နှင့် ၁၀၁လမ်း(Bလမ်း)ကြားတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Ms. Gao Ping၊ New Starlight Group of Companies မှ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။



အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်နှင့် New Starlight Group of Companies မှ ဥက္ကဋ္ဌတို့က နိုင်လွန်ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ လမ်းတစ်လျှောက်ကြည့်ရှုကာ တက်ရောက်လာသူများအား ရင်းနှီးစွာ နှုတ်ဆက်ခဲ့ကြပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများက မှတ်တမ်းမော်ကွန်းအား အမှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

၎င်းနောက် အခမ်းအနားကို Mingalar City Commercial Complex တွင် အစီအစဉ်တိုင်း ဆက်လက်ကျင်းပခဲ့ကြောင်းနှင့် ယနေ့ကျင်းပသည့် အခမ်းအနားမှာ New Starlight Group of Companies ၏ ကုမ္ပဏီတစ်ခုဖြစ်သော မန္တလေးရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့လီမိတက်(MIDG)မှ ဖော်ဆောင်နေသည့် Mingalar City Commercial Complex စီမံကိန်းမှ အများပြည်သူသွားလာရေး လွယ်ကူအဆင်ပြေချောမွေ့စေရန်၊ မြို့ပြအင်္ဂါရပ်နှင့်အညီ လှပတင့်တယ်မှုရှိစေရန်အတွက် CSR လုပ်ငန်းအဖြစ်ဆောင်ရွက်ခြင်းဖြစ်ပြီး အကျယ် ၃၀ ပေနှင့် အရှည် ၅၇၄ ပေရှိ လမ်းမြေအား လှူဒါန်းခြင်း၊ အကျယ် ၄၀ ပေနှင့် အရှည် ၆၂၀ ပေအား နိုင်လွန်ကတ္တရာခင်းခြင်း၊ လမ်းခင်းခြင်း ဆက်စပ်လုပ်ငန်းများနှင့် အလှသစ်ပင်ပန်းမန်စိုက်ပျိုးခြင်းလုပ်ငန်းများအား စုစုပေါင်း ငွေကျပ် ၃၉၉ ဒသမ ၄၁ သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀



## ဧရာဝတီမြစ်ရေသည် မန္တလေးဆိပ်ကမ်းတွင် ရေနည်းသတိပေးမှတ်အောက် ၄ ပေခန့် ကျဆင်းရောက်ရှိနေ

**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေးဆိပ်ကမ်း၊ ဧရာဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ၂၄၂ စင်တီမီတာဖြစ်ရာ ဆိပ်ကမ်း၏ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက် ၁၁၈ စင်တီမီတာ(၄ပေခန့်)ကျဆင်းရောက်ရှိနေကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

မြန်မာနိုင်ငံ အထက်ပိုင်း(မြောက်ပိုင်း)မှ မြစ်ဖျားခံစီးဆင်းလာသော ဧရာဝတီမြစ်အတွင်းသို့ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် ရေဝင်ရောက်မှုနည်းပါးရာက မြစ်အောက်ဘက် ဆိပ်ကမ်းများ၏ ရေနည်းသတိပေးမှတ်အောက်သို့ လာသည်ဟု ဆိုသည်။

“မြန်မာနိုင်ငံအထက်ပိုင်း၊ မြောက်ပိုင်းဒေသတွေမှာ မိုးနှောင်းကာလရောက်တာနဲ့ ရေသိပ်မရတော့သလို အေးတဲ့ရာသီမှာ ရေခဲတွေ ရေခဲမြစ်တွေကလည်း ဆောင်းတွင်းမှာ ရေသိပ်မရနိုင်တော့ဘူး။ ဒီဇင်ဘာကနေမတ်၊ ဧပြီလတွေအထိ မြစ်ထဲကို ရေဝင်သိပ်မရှိနိုင်ဘူး။မေလဆိုရင် သေချာပေါက် မြစ်ရေမြင့်လာမယ်”ဟု ၎င်းက ပြောသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မွန်းလွဲ ၁၂ နာရီခွဲအချိန် ဧရာဝတီမြစ်ရေတိုင်းထွာမှု နေ့စဉ်ထုတ်ပြန်ချက်များအရ ဖေဖော်ဝါရီ ၆ ရက်က ၂၅၄ စင်တီမီတာ၊ ၁၀ ရက်က ၂၅၂ စင်တီမီတာ၊ ၁၄ ရက်တွင် ၂၄၂ စင်တီမီတာဖြစ်ရာ မြစ်ရေမှာ အကျဘက်သို့ ရောက်ရှိနေပြီး ဖေဖော်ဝါရီ ဒုတိယ ၁၀ ရက်ပတ်အတွင်း လက်ရှိရေအမှတ်အောက် ပေဝက်ခန့် ကျဆင်းနိုင်ကြောင်း ခန့်မှန်းထုတ်ပြန်ထားသည်။

မန္တလေးဆိပ်ကမ်း ဧရာဝတီမြစ်ရေသည် ရေနည်းသတိပေးမှတ်မှာ ၃၆၅ စင်တီမီတာဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်က ၃၆၅ စင်တီမီတာတွင် ရှိခဲ့ရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ရက်တွင် ၂၅၁ စင်တီမီတာသို့ ကျဆင်းရောက်ရှိခဲ့ကြောင်း၊ ယင်းနောက်ပိုင်း မြစ်ရေမှာ အတက်အကျအနည်းငယ်သာ ပြောင်းလဲခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက်တွင် ၂၄၂ စင်တီမီတာတွင် ရောက်ရှိနေသည်ဟု မြစ်ရေတိုင်းထွာချက်များအရ သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ခရိုင်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက စစ်ကိုင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးမြင့်အေးက အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မိမိကျော်က လူငယ်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခရိုင်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဝင်းရွှေက သဘာဝပတ်ဝန်းကျင်နှင့် သစ်တောသစ်ပင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းဇော်က သဲကန္တာရတိုက်ဖျက်ရေးနှင့် ရာသီဥတုဖောက်ပြန်ယိုယွင်းမှု ဟန့်တားလျှော့ချရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေဇင်စိုးက အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ခေါင်းစဉ်များဖြင့် လည်းကောင်း အသီးသီးဟောပြောခဲ့ကြပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးချုပ်ရုံးမှပေးပို့သော သဲကန္တာရတိုက်ဖျက်ရေးနှင့် အသိပညာပေးဆောင်ရွက်မှု Video Clip အား ပြသပေးခဲ့သည်။ **(အောက်ပုံ)**

ဆက်လက်၍ တက်ရောက်လာကြသည့် စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ဝဧ၄)**



# (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ တတိယနေ့တွင် လာရောက်သူများပြား






**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ တတိယနေ့ဖြစ်သည့် ယနေ့တွင် လာရောက်သူများနှင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပြပွဲ၊ ပြိုင်ပွဲကို ၇၈လမ်းနှင့် သိပ္ပံလမ်းထောင့် ဆင်ဖြူကန်ကွင်း အရှေ့ဘက်ခြမ်းတွင် ကျင်းပလျက်ရှိကာ မြမာလာရောင်စုံပန်းအလှဥယျာဉ် တည်ဆောက်ပေးထားခြင်း၊ ဌာနဆိုင်ရာပြခန်းများ ပြသထားခြင်းတို့အပြင် တေးဂီတဖျော်ဖြေမှု၊ ပျိုးဥယျာဉ်များ၊ စားသောက်ဆိုင်များ စသည်တို့ကို စီစဉ်ထားရှိသည်။

"ဒီနေ့က ချစ်သူများနေ့ဆိုတော့ လူငယ်တွေ လာရောက်မှုများတာကို တွေ့ရတယ်၊ မိသားစုလေးတွေရော လာရောက်ကြတယ်၊ ရောင်စုံပန်းတွေ၊ အလှဆင်ထားတဲ့ တိရစ္ဆာန်ရုပ်တုလေးတွေ နဲ့ ကစားကွင်းတွေမှာ ပြပွဲကိုလာတဲ့ ကလေးလေးတွေက ဆော့ကြတော့ သူတို့လေးတွေလည်း ပျော်ကြတယ်၊ တေးဂီတတွေနဲ့လည်း ဖျော်ဖြေတဲ့အတွက် လူကြီးရော ကလေးပါ အပန်းဖြေနားနေတာ တွေ့ရတယ်"ဟု လာရောက်အပန်းဖြေသူတစ်ဦးက ပြောသည်။

သစ်သီးဝလံပန်းမန်ပြပွဲသို့ မြို့နေပြည်သူများ၊ ပန်းအလှပင် ပျိုးပင်ချစ်မြတ်နိုးသူများ၊ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ စိတ်ဝင်စားသူများလာရောက်ကြကြောင်း၊ ပြခန်းအသီးသီးသို့လည်း လာရောက်လေ့လာကြရာ ပြခန်းအသီးသီးက တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)





## ပုသိမ်ကြီးမြို့နယ်တွင် မြေပြင်လူဦးရေစာရင်း ကွင်းဆင်းစိစစ်မှုများ ဆောင်ရွက်

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့နယ်မြေပြင်လူဦးရေစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီမှ မြို့နယ်အတွင်းရှိ လူဦးရေစာရင်း မှန်ကန်စေရေး၊ မြေပြင်ကွင်းဆင်း စာရင်းစိစစ်မှုများကို ဖေဖော်ဝါရီ ၃ ရက်မှ စ၍ ဆောက်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက မြို့မရပ်ကွက်၊ အောင်မင်္ဂလာ (၁)အကွက်၌ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

မြေပြင်ကွင်းဆင်းဆောင်ရွက်ရာတွင် အိမ်ထောင်စုအမှတ်စဉ်နှင့် မိသားစုအမှတ်စဉ်များကို နေရပ်လိပ်စာအတိုင်း၊ နေထိုင်ခြင်း ရှိ၊ မရှိ၊ စာရင်းပြုစုခြင်း၊ သေဆုံးစာရင်းများ အတည်ပြုခြင်း၊ စာရင်းရှိသော်လည်း မြေပြင်တွင် နေထိုင်မှုမရှိသူများနှင့် စာရင်းမရှိနေထိုင်သူများ စာရင်းပြုခြင်း၊ မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ခြင်း မရှိသူများ၊ အိမ်ထောင်စု စာရင်းမရှိသူများအား စိစစ်၍ အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်လက်မှတ်တစ်ခုခု ရရှိစေရေးတို့ကို ကွင်းဆင်းဆောင်ရွက်ပေးမည် ဖြစ်သည်။



အဆိုပါကွင်းဆင်းရာသို့ မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ မြို့နယ်ဦးစီးအရာရှိ ဦးကျော်မင်းထွန်း၊ မြို့နယ်မြေပြင်စာရင်းကောက်ယူရေး ကော်မတီဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၀၉၅)

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနကျောင်းများအား မီးဘေးလုံခြုံရေး စစ်ဆေး

**မကွေး ဖေဖော်ဝါရီ ၁၄**

မကွေးမြို့နယ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနကျောင်းများဖြစ်သည့် အ.ထ.က (၁)၊ အ.ထ.က(၂)၊ အ.ထ.က (၃)၊ အ.ထ.က(၄)၊ အ.လ.က (ရဲကျောင်း)၊အ.ထ.က(မြင်ကွန်း) နှင့် အ.ထ.က(သစ်ရာကောက်) တို့တွင် စာမေးပွဲဖြေဆိုနေစဉ် ကာလအတွင်း မီးလန့်မှု၊ မီးလောင်မှု မဖြစ်ပွားစေရေးအတွက် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်း မှစတင်၍ တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မကွေးခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူ၊ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်ရဲတပ်ဖွဲ့၊ သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မီးငြိမ်းသတ်ရေး ပစ္စည်းများ ကောင်းမွန်ခြင်း ရှိ၊ မရှိ၊ လျှပ်စစ်ဝါယာကြိုးများ စနစ်တကျ သွယ်တန်းအသုံးပြုမှု ကောင်းမွန်ခြင်း ရှိ၊ မရှိ၊ ရေရရှိရေး ဆောင်ရွက်ထားရှိမှု၊ Fire Point ဆောင်ရွက်ထားရှိမှု၊ ကျောင်းပတ်ဝန်းကျင်အမှိုက်များ ရှင်းလင်းရေးတို့ကို စစ်ဆေးအကြံပြု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

အောင်ကို(ဖန်ခါးမြေ)



အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး။



## လေထုအရည်အသွေး တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ ခြောက်သွေ့သောရာသီသို့ ကူးပြောင်းလာပြီဖြစ်၍ မီးခိုးမြူငွေ့များကြောင့် လေအရည်အသွေး ကျဆင်းမှုများ ဖြစ်ပေါ်လာသည့်အတွက် လေအရည်အသွေး တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးနှင့် ခရိုင်မီးသတ်ဦးစီးဌာနရုံးတို့၌ ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ဒေသတွင်း မီးခိုးမြူငွေ့များကြောင့် လေအရည်အသွေး ကျဆင်းမှုများ ဖြစ်ပေါ်လာသည့်အတွက် လေအရည်အသွေး တိုင်းတာရေးစက် (၂)လုံးအား အသုံးပြုပြီး အဓိကကျသောနေရာများနှင့် မြို့၏လေအရည်အသွေးကို လွှမ်းခြုံနိုင်သော နေရာများကို ဦးစားပေး၍ ဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ဒေသတွင်းခြောက်သွေ့သော ရာသီသို့ ကူးပြောင်းလာပြီဖြစ်၍ Hotspot များ ဖြစ်ပွားမှုလျော့နည်းစေရေး၊ မီးခိုးမြူငွေ့များကြောင့် လေအရည်အသွေး ကျဆင်းမှုများဖြစ်ပေါ်လာသည့်အတွက် လေအရည်အသွေး တိုင်းတာခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအပါအဝင် ခရိုင်နှင့် မြို့နယ်များရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနများအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး မီးခိုးမြူငွေ့များကြောင့် လေထုအရည်အသွေးကျဆင်းမှုအား လေအရည်အသွေးတိုင်းတာရေး စက်ကိရိယာများကို စွမ်းအားပြည့်အသုံးပြု၍ အထူးအလေးထားပြီး ကွင်းဆင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဖေယျက ပြောသည်။

မင်းဘူး(စကု)မြို့နယ်အတွင်း၌ လေအရည်အသွေးတိုင်းတာစစ်ဆေးခြင်း လုပ်ငန်းများကို နေရာများသတ်မှတ်၍ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ တိုင်းတာစစ်ဆေးပြီး ရရှိထွက်ပေါ်လာသော လေထုအရည်အသွေး ရလဒ်များကို ဒေသခံပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

(အပေါ်ဝဲပုံ) (၅၀၀)

## အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ရှမ်းရိုးမစာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၁၄**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်၊တောင်ကြီးမြို့နယ်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ရှမ်းရိုးမစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။**(အောက်ပုံ)**

ရှေးဦးစွာ ရှမ်းရိုးမစာကြည့်တိုက်အား မြို့နယ်ပညာရေးမှူး၊ ဆရာကြီး ဦးအောင်လှိုင်ထွန်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စပယ်စိုး၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းသားဟောင်း၊ ကျောင်းအကျိုးတော်ဆောင် ဦးဝင်းတင့်နှင့် တောင်ကြီးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး အခမ်းအနားတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားဟောင်း ကျောင်းအကျိုးတော်ဆောင်က အမှာစကားပြောကြားသည်။ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ် ဆရာမကြီးက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး မြို့နယ်ပညာရေးမှူးနှင့် ဧည့်သည်တော်များသည် စာကြည့်တိုက်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှု အားပေးခဲ့ကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် (၂၁)ကြိမ်မြောက် မြို့တော်ဝန်ပလားဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၁၄**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၅ ခုနှစ်၊(၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ(၁၂)ရက်မှ (၁၅)ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

အဆိုပါ ပြပွဲ၊ ပြိုင်ပွဲသို့ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာ၊ အပန်းဖြေနိုင်ရန်အတွက် ဖိတ်ခေါ်ထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## မီးခိုးမြူငွေ့အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်



**ဟိုပုံး ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ မီးခိုးမြူငွေ့ဖြစ်ပေါ်ခြင်းကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်လာရပြီး လူသားများနှင့် ပတ်ဝန်းကျင်အပေါ်ဆိုးကျိုးသက်ရောက်မှုများအား သိရှိနားလည်စေရန် ရည်ရွယ်၍ မီးခိုးမြူငွေ့အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၁နာရီက အခြေခံပညာအလယ်တန်းကျောင်းခွဲ(ဟိုနား)၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသန်းထိုက်စိုးက မီးခိုးမြူငွေ့ဆိုသည့် အဓိပ္ပာယ်၊ မော်တော်ကား၊ စက်ရုံ၊ ဇီဝပစ္စည်း လောင်ကျွမ်းမှု၊ တောင်ယာများ မီးရှို့ခြင်း၊ နေအိမ်မှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအား မီးရှို့ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော မီးခိုးမြူငွေ့ဆိုးကျိုးအန္တရာယ်များ၊ မီးခိုးမြူငွေ့ကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်းနှင့် မီးခိုးမြူငွေ့အန္တရာယ်ကို ကြိုတင်ကာကွယ်ရန်နည်းလမ်းများ စသည့်အကြောင်းအရာများအား ကျောင်းသား၊ကျောင်းသူများနှင့် ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး အသိပညာပေး ဆွေးနွေးဟောပြောသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၃၆၈)

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် ယနေ့ မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့်တာဝန်ရှိသူများ၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန၊ ဌာနမှူးဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

*-*-*-*-*

# မြနန်းစံကျော်ရွှေနန်းတော်အတွက် အရေးပါသော တံခါးနီမြို့ရိုး

**ရှေးဘုရင်များသည် စံနန်းတော်လုံခြုံရေးအတွက် ကျုံး၊မြို့ရိုးတို့ဖြင့် အထပ်ထပ်ကာရံကြလေသည်။ ရတနာပုံ(မန္တလေး)ကို တည်ထောင်စိုးစံသည့် မင်းတုန်းမင်းကြီးသည်လည်း မြို့ရိုး ၅ထပ်ဖြင့် ကာရံတည်ဆောက်ခဲ့ရာ မြနန်းစံကျော်ရွှေနန်းတော်နှင့်အနီးဆုံးတွင် တံခါးနီမြို့ရိုးတည်ဆောက်ခဲ့သည်။ တံခါးနီမြို့ရိုးရှိကြောင်း သိရှိသူနည်းပါးသည်ဟု ဆိုပါသည်။ ယနေ့တွင် တူးဖော်သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်နေမှုကြောင့် လက်တွေ့ပြသနိုင်မည့် မြို့ရိုးအစိတ်အပိုင်းများ မြင်တွေ့ရပြီ ဖြစ်သည်။**

ရှေးဟောင်းပေ၊ ပုရပိုက်စာများအရ တံခါးနီမြို့ရိုးကို ပြန်လည်တူးဖော်ရေးလုပ်ငန်းများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ဆောင်ရွက်လျက်ရှိရာ အများပြည်သူ လေ့လာကြည့်ရှုရတော့မည့် တံခါးနီမြို့ရိုးသည် ဘုရင်မင်းမြတ်၏ နောက်ဆုံး အကာအကွယ် ခံတပ်မြို့ရိုးလည်းဖြစ်၍ ဝင်ထွက်ခွင့်ကို ကန့်သတ်ချက်များ ထားရှိသည့်အပြင် အထူးအရေးထား ဆောင်ရွက်ကြောင်း သမိုင်းဖြစ်စဉ် အထောက်အထားများအရ သိနိုင်သည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာ့သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းရေးအတွက် မူဝါဒများချမှတ်၍ ပိုမိုပြည့်စုံသည့် သမိုင်းအချက်အလက်များရရှိစေရန် ကွင်းဆင်းသုတေသနပြု ဖော်ထုတ်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများ အနက်မှ မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်တွင် သိရှိသူနည်းပါးပြီး တိမ်မြုပ်နေသည့် တံခါးနီမြို့ရိုး တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီထိ ယင်းမြို့ရိုး အလယ်တံခါးမှ တောင်ဘက် ၇၅ ပေ၊ မြောက်ဘက် ၇၅ ပေ ထိဖော်ထုတ်ပြီးဖြစ်၍ လက်ရှိတွင်လည်း ဆက်လက်ဆောင်ရွက်နေကြသည်။

ထိုလုပ်ငန်းဆောင်ရွက်ရာ၌ သစ်တပ်မြို့ရိုးအတွင်း တိမ်မြုပ်ပျောက်ကွယ်နေသော ရှေးဟောင်းအဆောက်အအုံများအား ပြန်လည်ဖော်ထုတ်သင့်ကြောင်း နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှာကြားချက်ဖြင့် ရှေးဟောင်းသုတေသနနှင့် အကြံပေးပညာရှင် ဦးပေါက်ပေါက်က ကြီးကြပ်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ဝင်း ခေါင်းဆောင်သောအဖွဲ့သည် တံခါးနီမြို့ရိုး စမ်းသပ်တူးဖော် သုတေသနလုပ်ငန်းများ ဆောင်ရွက်ကြသည်ဟု ဆိုသည်။



ဆရာဦးပေါက်ပေါက်ကပြောကြားရာတွင်'ရှေးဟောင်းသုတေသနမှာ ညွှန်ကြားရေးမှူးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၂၂ မှာ အနားယူပြီးနောက် ခရီးသွားလုပ်ငန်းမှ ခရီးသွားလမ်းညွှန်(Tour Guide) များကို သင်ကြားပေးတဲ့ဆရာအဖြစ် ဆောင် ရွက်ခဲ့တယ်။ အဲဒီတုန်းကတည်းက ဒီနားမှာ တံခါးနီ မြို့ရိုးရှိတယ်ဆိုတာ Tour Guide တွေကို ရှင်းပြခဲ့ပေမယ့် လက်တွေ့မပြနိုင်ခဲ့ဘူး။ ခုတော့ သမိုင်းအမွေအနှစ်ဖြစ်ပြီး ဘိုးဘွား၊ ဘီဘင်တွေက အမြော်အမြင်ကြီးစွာ တည်ဆောက်ခဲ့တဲ့ တံခါးနီမြို့ရိုးကို ပြန်လည် ဖော်ထုတ်နိုင်တာဖြစ်လို့ သမိုင်းမှတ်တမ်းအတွက် အလွန်အရေးပါတယ်'ဟု ပြောကြားသည်။

မြန်မာ့သမိုင်းမှတ်တမ်းတွင် ရတနာပုံခေတ်က တည်ထားခဲ့သော မြနန်းစံကျော်ရွှေနန်းတော်ကို မြို့ရိုးများဖြင့် ဝန်းရံတည်ဆောက်ထားသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်သည်။ မြနန်းစံကျော်ရွှေနန်းတော်ကြီးတွင် မြေမြို့ရိုး၊ အုတ်မြို့ရိုး၊ သစ်တပ်မြို့ရိုး၊ အတွင်းမြို့ရိုးနှင့် တံခါးနီမြို့ရိုးဟူ၍ မြို့ရိုး ၅ထပ် ရှိသည်။ မြနန်းစံကျော်ရွှေနန်းတော်၏ အရှေ့ဘက်မျက်နှာတွင် တံခါးနီမြို့ရိုးနှင့်သစ်တပ်မြို့အတွင်းဘက်ရှိ တိမ်မြုပ်ပျောက်ကွယ်နေသော တံခါးနီမြို့ရိုးကို ဖော်ထုတ်ခြင်းဖြင့် အများပြည်သူ မြင်တွေ့လေ့လာနိုင်သကဲ့သို့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အပေါ် တန်ဖိုးထားတတ်စေရေးအတွက်ရည်ရွယ်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ဆောင်ရွက်ခြင်းဖြစ်သည်။

**သမိုင်းနောက်ခံ**

ရတနာပုံနန်းမြို့တော်သည် မင်းတုန်းမင်းနှင့် သီပေါမင်းတို့က ၂၆ နှစ်ကြာ စိုးစံခဲ့သည့်မြို့တော်ဖြစ်ပြီး မြန်မာနှစ် ၁၂၂၁ ခုနှစ်(AD-၁၈၅၉) တွင် တည်ဆောက်ခဲ့သဖြင့်'အင်ကြင်းကြာအုံ ရတနာပုံ'၊ 'အုတ်ကျစ်ကျော်ဇ မန္တလေး'၊ 'အောင်ကျော်ချမ်းအေး မန္တလေး'စသဖြင့် မြို့တည်နှစ်ကို အတိုကောက်မှတ်သားဖော်ပြကြသည်။ မြနန်းစံကျော်ရွှေနန်းတော်နှင့်နန်းဆောင်များ မတည်ဆောက်မီ လက်နက်တိုက်၊ စွယ်တော်စင်၊ ဗဟိုစင်နှင့် လွှတ်တော်တို့ကို ပထမဆုံး ပန္နက်ရိုက်တည်ဆောက်ခဲ့ပြီး ၁၂၁၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်တွင် တံခါးနီမြို့ရိုးကို နန်းခုံအုတ်ရိုးနှင့်တစ်ပြိုင်တည်း တည်ဆောက်သည်။ ရွှေနန်းတော် အရှေ့ဘက်တည့်တည့်တွင် သစ်တပ်မြို့ရိုးကာရံထားပြီး တံခါးနီမြို့ရိုးမှာ သစ်တပ်ဝင်းတံခါးမှ အနောက်ဘက် ပေ ၅၀၀ အကွာတွင်ရှိသည်။ မြနန်းစံကျော်ရွှေနန်းတော်နှင့် အနီးကပ်ဆုံးနှင့် နောက်ဆုံးအရံအတားဖြစ်ရာ လွန်စွာအရေးပါသည်ဟု ဆိုပါသည်။ နန်းတော် အကာအကွယ်များ တည်ဆောက်ခဲ့ကြရာ၌ တံခါးနီမြို့ရိုးမှာ သာလွန်မင်းလက်ထက်တွင် စတင်တည်ဆောက်ခဲ့ရာမှ တံခါးနီမြို့ရိုးရှိလာသည်ဟု ဆိုပါသည်။

'မင်းတုန်းမင်းက နန်းမြို့ကို မြို့ရိုး ၅ ထပ်နဲ့ တည်ဆောက်ခဲ့တယ်။ မြနန်းစံကျော်ရွှေနန်းတော်ကြီးက နောက်ဆုံးခံတပ်ဖြစ်တယ်။ မြန်မာနှစ် ၁၂၂၈ ခုနှစ် မြင်းကွန်းမြင်းခုံတိုင်အရေးခင်းမှာ မင်းတုန်းမင်းကို လုပ်ကြံသူတွေက ရွှေတော်ယူတံခါးထိ ရောက်လာတယ်။ အဲဒီကနေ တံခါးနီမြို့ရိုးဘက်လာတဲ့အခါ တံခါးနီမြို့ရိုးက အစောင့်ရဲမက်တွေကို မကျော်နိုင်ခဲ့ဘူး။ ဘုရင့်ရဲ့ သက်တော်စောင့်မှူးမတ်တွေက ပြန်ပြီး ခုခံတိုက်ခိုက်ကြလို့ သူတို့အကြံအစည် မအောင်မြင်ဖြစ်သွားတယ်။ ဒါကြောင့် တံခါးနီမြို့ရိုးကြီးက ဘုရင်မင်းအတွက် နောက်ဆုံးခံတပ်မြို့ရိုးတစ်ခုဖြစ်တယ်။ ရှေးဟောင်းပေ၊ ပုရပိုက် အထောက်အထားတွေအရ တံခါးနီမြို့ရိုးကြီးကို တူးဖော်တာ သုတေသနလုပ်နေတယ်'ဟု ဆရာဦးပေါက်ပေါက်က ရှင်းပြသည်။

**သုတေသနမှတ်တမ်း**

တံခါးနီမြို့ရိုး တူးဖော်သည့် မှတ်တမ်းများအရ မြနန်းစံကျော်ရွှေနန်းတော်၊ မင်္ဂလာလှေကား၏ အရှေ့တောင်ဘက် ပေ ၁၆၀ ခန့်အကွာ သစ်တပ်မြို့ရိုးအနောက်ဘက် ပေ ၅၀၀ ကျော်ခန့်အကွာတွင် တည်ရှိသည်။ တူးဖော်သုတေသနပြုသည့် နည်းစနစ်မှာ လေးထောင့်ကျင်းကွက်စနစ်(Grid System)ကို အခြေခံ၍ ကျင်းရှည် (Long Trench) စနစ်ဖြင့် တူးဖော် သုတေသနပြုခြင်းဖြစ်သည်။

တံခါးနီမြို့ရိုးမှာ မြို့ရိုးအရံအတား (Fortification) အမျိုးအစားဖြစ်သည်။ တူးဖော်ရေးစမ်းသပ်ကျင်း(၁)အဖြစ် မြနန်းစံကျော်ရွှေနန်းတော် မင်္ဂလာလှေကား၏အရှေ့တောင်ဘက် ပေ ၁၇၀ ကျော်ခန့်၊ သစ်တပ်မြို့ရိုးအနောက်ဘက် ပေ ၅၀၀ ကျော်ခန့်နှင့် မြောက်မှတောင်သို့ ပေ ၃၀၀ ခန့်အကွာ၌ ၆ ပေပတ်လည်၌ တူးဖော်ရာ မြေအနက်၂ ပေခန့်တွင် ကျင်း၏အရှေ့ဘက်အခြေ၌ တောင်မြောက်အုတ်လွှားအရှည် ၁ ပေ ၆ လက်မခန့်ရှိ အုတ်လွှား တစ်လွှားနှင့် မြောက်ဘက်ပေါင်၌ မြေအနက် ၁ ပေ ၆ လက်မတွင် အရှေ့အနောက်တန်းလျက် အရှည် ၃ ပေ ခန့်ရှိ ညီညာမှုမရှိဘဲ ပြတ်တောက်နေသော အုတ်လွှားတစ်လွှားနှင့် သံမယ်နသုံးချောင်း တွေ့ရှိခဲ့သည်။

စမ်းသပ်ကျင်း(၂)မှာ မြနန်းစံကျော်ရွှေနန်းတော်၊ မင်္ဂလာလှေကား၏ အရှေ့တောင်ဘက် ပေ ၁၆၀ ကျော်ခန့်နှင့် သစ်တပ်မြို့ရိုး၏အနောက်ဘက် ပေ ၅၀၀ ခန့်အကွာတွင် ဖြစ်သည်။ တောင်မြောက် ၂၅ ပေနှင့် အရှေ့အနောက် ၁၀ပေခန့်ရှိပြီး တောင်ဘက်တွင်မြင့်၍ မြောက်ဘက်သို့ တဖြည်းဖြည်းနိမ့်ဆင်းသွားသည်။ ပန္နက်ပုံသဏ္ဌာန်မှာ မြေအနက် ၇ လက်မ၌ ဗျက် ၇ပေခန့်ရှိ တောင်မြောက်အုတ်ရိုးတန်းကို စတင်တွေ့ရှိရသည်။ အုတ်စီစနစ်မှာ အုတ်ရိုးအလွှား ၈ လွှားနှင့် တချို့နေရာ၌ ၇ လွှားခန့်သာ ကျန်ရှိသည်။ တူးဖော်တွေ့ရှိသော ကြွင်းကျန်သည့် အဆောက်အအုံအစိတ်အပိုင်းများကို လေ့လာလျှင် မူလတည်ဆောက်စဉ်က အုတ်မြို့ရိုးအမြင့်မှာ ၁၂ ပေ ခန့်ရှိနိုင်ပြီး ဗြိတိသျှတို့လက်အောက်ရောက်ရှိချိန် တွင်ဖျက်ဆီးခံရမှုနှင့် အဆောက်အအုံများ ဆောက်လုပ်ကြသဖြင့် တစ်စတစ်စ ပျောက်ကွယ်သွားခဲ့သည်ဟု ယူဆရသည်။




**သာသနာသက္ကရာဇ်နှင့် ရတနာပုံမြို့**

ရတနာပုံမြို့တည်ရန် စီစဉ်ချိန်က ရဟန်းပညာရှိ၊ လူပညာရှိတို့ကန့်ကွက်သူ၊ ထောက်ခံသူများရှိခဲ့သော်လည်း မြို့တည်နန်းတည် မင်းဖြစ်လိုသော ၄င်း၏ဆန္ဒနှင့် မန္တလေးတောင်ရှိရာအရပ်၌ အင်္ဂါနံမင်းက သာသနာပြု စိုးစံမည်ဆိုသော သိုက်၊ ဓာတ်၊ နိမိတ်၊ ဗျာဒိတ်၊ စနည်း၊ တဘောင်များအရ မန္တလေးအရပ်သို့ မြို့တော် ပြောင်းရွှေ့စိုက်ထူသင့်သည့်ဘက်မှ အနိုင်ရကာ ရတနာပုံ(မန္တလေး)ပေါ်ပေါက်လာခဲ့ပြီး၂၀၂၅ ခုနှစ်တွင် နှစ်ပေါင်း ၁၆၅ နှစ် ပြည့်ခဲ့ပြီဖြစ်သည်။

မြို့တော်ပြောင်းရွှေ့တည်ထောင်ရာ၌ သာသနာသက္ကရာဇ် ၂၄၀၀နှစ်နှင့် ကိုက်ညီရန် မြန်မာနှစ် ၁၂၁၈ ခုနှစ်၊ တပို့တွဲလမှစတင်၍ စီမံဆောင်ရွက်ကြောင်း၊ရွှေနန်းပြာသာဒ်တော်ကြီး၊ မြေနန်းတော်ကြီး၊ မှန်နန်းတော်၊ ရာဇပလ္လင်ရှစ်ရပ်မှစ၍ ရွှေနန်းတော်အဆောင်ပေါင်း ၁၀၀ ကျော် အလုံးစုံ ဆောက်လုပ်သည်။ နန်းမြို့တော်ကို 'လေးကျွန်းအောင်မြေ' ဟူ၍လည်းကောင်း၊ ရွှေနန်းတော်ကို 'မြနန်းစံကျော်ရွှေနန်းတော်'ဟူ၍လည်းကောင်း ကမ္ပည်းမော်ကွန်းတင်သည်။ ရွှေကိုင်းသား၏ အနှစ် ၁၀၀ ပြည့်၊ မန္တလေးတွင် ဖော်ပြထားသည်။

သာသနာသက္ကရာဇ် ၂၄၀၀ ပြည့်နှစ်နှင့် ကိုက်ညီရန် ၁၂၁၈ ခုနှစ်တွင် စတင်ဆောက်လုပ်သည်ဟုဆိုသော်လည်း မြို့ရိုးနှင့်တကွ သတ္တဌာနတို့ကို ၁၂၂၁ ခုနှစ်၊ ကဆုန်လတွင် အုတ်မြစ်ချ၍ မြို့ရိုးတွင် ဓာတ်တံခါး ၄ ခုကို ပြာသာဒ်ဘုံ ၇ ဆင့်၊ မိတ်တံခါး ၈ ခုကို ပြာသာဒ်ဘုံ ၅ ဆင့်ဖြင့် တည်ဆောက်သည်။ကျုံးမြို့ရိုးတစ်မျက်နှာလျှင် တာ(ရှေးမြန်မာအတိုင်းအတာ)ပေါင်း ၄၀၀ (ပေပေါင်း ၆၇၅၀)ရှိ၍ မြို့ရိုးလေးမျက်နှာဆိုလျှင် တာပေါင်း ၂၄၀၀ ဖွဲ့စည်းထားခြင်းမှ သာသနာသက္ကရာဇ် ၂၄၀၀ ကို ယူခြင်းဖြစ်သည်။

ရွှေနန်းတော်ကြီးတွင် အကာအရံမြို့ရိုး ၅ ထပ် ရှိသည့် အနက်တံခါးနီမြို့ရိုးသည် ဘုရင်နှင့် မင်းမိဖုရားတို့အတွက် အနီးကပ်ဆုံးသော လုံခြုံရေးအရံအတားတစ်ခုဖြစ်ရာ တန်ဖိုးကြီးသည့် သမိုင်းအမွေအနှစ်ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ သုတေသနပြု ဖော်ထုတ်လျက်ရှိပါတော့သည်။

ခိုင်ဆက်ဝေ



## အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ပုဗ္ဗသီရိ ဖေဖော်ဝါရီ ၁၄**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ယမန်နေ့မွန်းလွဲ ၁နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်နန်းဆွေဆွေအေးက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းနွမ်ခမ်းက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆွေဆွေအေးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade-11 မှ ကျောင်းသား၊ ကျောင်းသူလေးဦးက လူငယ်နှင့်ဘဝတန်ဖိုး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့် E-စီးကရက်အန္တရာယ် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မေးမြန်းကာ သိရှိလိုသည်များကို ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## အမှတ်(၂)မူလတန်းကြိုကျောင်း၌ မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ်ပွဲ ကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းဦးစီးမှူးရုံး ကြီးကြပ်မှုအောက်ရှိ အမှတ်(၂)မူလတန်းကြိုကျောင်းတွင် ဖေဖော်ဝါရီ ၁၃ ရက်က မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်ပွဲ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းဦးစီးမှူးရုံးကြီးကြပ်မှုအောက်ရှိ အမှတ်(၂)မူလတန်းကြိုကျောင်းအနေဖြင့် သားငယ်၊ သမီးငယ်လေးများအား မိမိကိုယ်ကို ယုံကြည်မှုရှိစေရန်၊ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် စိတ်ခံတတ်၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှု စသည့် အတွေ့အကြုံကောင်းများရရှိစေရန် နှစ်စဉ် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်ပွဲနှင့်အခြားကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကိုလည်း ကျင်းပပေးလျက်ရှိကြောင်း သိရပြီး သားငယ်၊ သမီးငယ်လေးများအား အမှတ်(၂)မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးကြွယ်နှင့် ဆရာ၊ ဆရာမများဦးစီး၍ အာဟာရကြက်သားဒံပေါက်ကျွေးမွေးခြင်း၊ ပဒေသာအကအလှများဖြင့် ကပြဖျော်ဖြေခြင်း၊ အားကစားပြိုင်ပွဲများ ပြုလုပ်ခြင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်ပွဲကို အမှတ်(၂)မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာ၊ ဆရာမများ၊ ကျောင်းသား မိဘများ၊ သားငယ်၊ သမီးလေးများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

(ယာပုံ)

(၀၅၆)

## ပြည်သူ့စစ်မှုထမ်းဆိုင်ရာသိကောင်းစရာဟောပြောပွဲ ကျင်းပ

**အမရပူရ ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဆောက်တောဝကျေးရွာ ရွှေယင်းမာကျောင်းတိုက်၊ ပေါင်ဝေချမ်းသာစေတနာဓမ္မာရုံ၌ ယနေ့နံနက် ၉ နာရီခွဲက ကျေးရွာနေပြည်သူများကို ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာဟောပြောပွဲကို ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အမရပူရခရိုင်၊ ခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့၊ အတွင်းရေးမှူးဒုတိယခရိုင်အုပ်ချုပ်ရေးမှူးသူရဦးရန်နိုင်ဦးက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် အမရပူရခရိုင်၊ ခရိုင်ဒုတိယဥပဒေအရာရှိဦးညီညီစိုးက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်နည်းဥပဒေပါ အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်ပြီး အမရပူရမြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အတွင်းရေးမှူးဗိုလ်မှူးကျော်တေဇက လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ပြည်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

အခမ်းအနားသို့ ခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့၊ အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့နှင့်အဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ ၃၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**စိုးသီဟ(အမရ)**






ဖတ်စရာ၊ မှတ်စရာ

စုံလင်

## တစ်ရောင်တည်းခြယ်

* တို့မြန်ပြည်ကြီး
ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းဖြင့်
စံမြန်းအုပ်ချုပ် မင်းလုပ်ခဲ့တယ်
နယ်ချဲ့တိုင်းခြား၊ ဖက်ဆစ်များက
စော်ကားရန်ပြု၊ တို့မမှုခဲ့
သူကျွန်မခံ၊ နယ်ချဲ့ရန်ကို
တော်လှန်ရေးနေ့
မမေ့ဘယ်ခါ၊ ပြည်မြန်မာ ။

* လွတ်လပ်ရေးရ
တည်ထောင်စဉ်၌၊ ဝါဒကွဲပြား
တိုင်းရင်းသားတို့၊ ရေကြားမြေခြား
ကျောခိုင်းသွားလည်း၊ ညီသားနောင်ထု
သွေးစည်းမှုဖြင့်၊ ပေါင်းစုညီပြန်
ပြည်တွင်းရန်ကို၊ ဖန်ဖန်ဆင်နွှဲ
အောင်ခြိမ့်သဲလျက်....
အောင်ပွဲမှသည်၊ ရှေ့သို့ချီ ။

* ဒါဟာတို့ပြည်(ပြေ)
တို့ပိုင်မြေမို့၊ တို့တွေကာကွယ်
ပေါင်းစည်းရှယ်လျက်၊ ရန်စွယ်ဟူမျှ
တွန်းလှန်ကြကွဲ့၊ ငါကအဖြူ
သူက အမည်း၊ ယူဆလွဲ၍
မခွဲမခြား၊ တစ်သားတည်းဖြစ်
အားသစ်မတည်၊ စုပေါင်းညီလျက်
တို့ပြည်ဂုဏ်ရောင်၊ ထွန်းလင်းပြောင်ဖို့
တစ်ရောင်တည်းသာ
ခြယ်ကာသီကုံး၊ အလှဆုံးသို့ ။ ။

**ဇော်မြင့်မိုရ်(မီးရထား)**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



ဖေဖော်ဝါရီ၁၃ရက်က လူတစ်ဦးသေဆုံးစေခဲ့သော အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အခင်းဖြစ် အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်ရှိ မြို့ပြဖွံ့ဖြိုးရေးနှင့် အိုးအိမ်ဝန်ကြီးဌာနရုံး အဝင်ပေါက်၌ လုံခြုံရေးအဖွဲ့က တိုးမြှင့်စစ်ဆေးနေစဉ်။ **Mon**

## အမေရိကန်သမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့ နှစ်ဦး အိမ်ဖြူတော်၌ ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၄**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ဧည့်သည်တော် အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီကို ဖေဖော်ဝါရီ ၁၃ရက်တွင် အိမ်ဖြူတော်၌ လက်ခံတွေ့ဆုံဆွေးနွေးပြီးနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။



အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီသည် အမေရိကန်နှင့် ကြီးမားသောပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုရရှိခဲ့ခြင်းကို ချီးကျူးဂုဏ်ပြုခဲ့သည်။ ၎င်းနှင့် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်တို့နှစ်ဦးသည် အိန္ဒိယက အမေရိကန်ရေနံနှင့် ဓာတ်ငွေ့များကို ပိုမိုတင်သွင်းရန် သဘောတူညီခဲ့ကြသည်။

သူတို့နှစ်ဦးစလုံးက တစ်ဦးကိုတစ်ဦး ခေါင်းဆောင်မှုအတွက် ချီးကျူးဂုဏ်ပြုခဲ့ကြသော်လည်း ထရမ့်က အိန္ဒိယသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးကုန်သွယ်ခွန်အချို့ကို ကျင့်သုံးနေသည်ဟု ဝေဖန်ခဲ့ပြီး ၎င်းတို့ကို ကြီးမားသောပြဿနာဖြစ်သည်ဟု မှတ်ချက်ချခဲ့သည်။

ရင်ဆိုင်ရမည့် ကုန်သွယ်ရေးအတားအဆီးများ ပြေလျော့အောင် ကြိုးစားနေသော အိန္ဒိယခေါင်းဆောင်က အမေရိကန်ကုန်ပစ္စည်းများအပေါ် ကုန်သွယ်ခွန် လျှော့ချရန်၊ စာရွက်စာတမ်း မပြည့်စုံသော အိန္ဒိယနိုင်ငံသားများကို ပြန်လည်ပို့ဆောင်ရန်နှင့် အမေရိကန်ထံမှ စစ်သုံးလေယာဉ်များဝယ်ယူရန် သဘောတူညီခဲ့ကြောင်း သိရသည်။ **Mon**

## သီရိလင်္ကာနိုင်ငံအစိုးရက ပြန်လည်ညှိနှိုင်းရန်တောင်းဆိုပြီးနောက် အိန္ဒိယအခြေစိုက် အဒါနီကုမ္ပဏီအုပ်စု လေစွမ်းအင်စီမံကိန်းမှ နုတ်ထွက်

**ကိုလံဘို ဖေဖော်ဝါရီ ၁၄**

သီရိလင်္ကာနိုင်ငံအစိုးရက ပြန်လည်ညှိနှိုင်းရန်တောင်းဆိုပြီးနောက် အိန္ဒိယအခြေစိုက် အဒါနီကုမ္ပဏီအုပ်စုအနေဖြင့် အမေရိကန်ဒေါ်လာ ၄၄၂ သန်းတန်ဖိုးရှိ လေစွမ်းအင်စီမံကိန်းမှ နုတ်ထွက်သွားပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သီရိလင်္ကာရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ထံသို့ ဖေဖော်ဝါရီ ၁၃ ရက်က အဒါနီကုမ္ပဏီအုပ်စုထံမှ ပေးပို့သော စာထဲတွင် လေစွမ်းအင်စက်ရုံနှစ်ခုနှင့် ဓာတ်အားလိုင်းစီမံကိန်းနှစ်ခုပါဝင်သည့် စီမံကိန်းမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ကြောင်း ဖော်ပြထားသည်။

ယခင်လက ထိုစီမံကိန်းများရှိ ဓာတ်အားစရိတ်ကို ယခင်က ဒေါ်လာ ၀ ဒသမ ၀၈ မှ တစ်ကီလိုဝပ်နာရီလျှင် ဒေါ်လာ ၀ ဒသမ ၀၆ သို့မဟုတ် ထို့ထက်နည်းသောပမာဏအထိ လျှော့ချရန် သီရိလင်္ကာအစိုးရသစ်ဘက်က တောင်းဆိုရာမှ ဆွေးနွေးမှုများ စတင်ပြုလုပ်ခဲ့ကြောင်း အဒါနီကုမ္ပဏီအုပ်စုက ထုတ်ပြန်ကြေညာသည်။

မိမိတို့အနေဖြင့် စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရန် ငွေကြေးအရ မဖြစ်နိုင်သောကြောင့် နုတ်ထွက်ခဲ့ခြင်းဖြစ်သည်ဟု ထိုကုမ္ပဏီအုပ်စုပြောခွင့်ရသူတစ်ဦးက ရှင်းပြသည်။

အဆိုပါစီမံကိန်းကို ၂၀၂၄ ခုနှစ် မေလတွင် ယာယီသမ္မတ ရာနီးလ်ဝီကရေမေဆင်ဂေး လက်ထက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**






## အမေရိကန်ကာကွယ်ရေးဝန်ကြီး ပိဟက်ဆက် ယူကရိန်းပဋိပက္ခပြီးဆုံးရေးကိစ္စ ထုတ်ဖော်ပြော

**ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၁၄**

အမေရိကန်ကာကွယ်ရေးဝန်ကြီး ပိဟက်ဆက်သည် နေတိုးမဟာမိတ်များနှင့် ယမန်နေ့က ပထမဆုံးအကြိမ် တွေ့ဆုံချိန်တွင် ယူကရိန်းပဋိပက္ခနှင့်ပတ်သက်၍ အမေရိကန်၏ ချဉ်းကပ်မှု ပုံစံပြောင်းလဲမှုကြီးတစ်ရပ်ကို မီးမောင်းထိုးပြခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ ပင်တဂွန်အကြီးအကဲက ဖေဖော်ဝါရီ ၁၃ရက်တွင် ဘယ်လ်ဂျီယမ်နိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ နေတိုးမဟာမိတ်အဖွဲ့၏ ဌာနချုပ်သို့ရောက်ရှိလာကာ အမေရိကန်သမ္မတဟောင်း ဂျိုးဘိုင်ဒင်၏ လေးနှစ်တာကာလ ကုန်လွန်ပြီးနောက် ပြောင်းလဲလိုက်ပြီဖြစ်သော အမေရိကန်မူဝါဒအကြောင်း ရှင်းပြခဲ့သည်။

ယူကရိန်းပဋိပက္ခပြီးဆုံးရေးသည် အမေရိကန်၏ အဓိကဦးစားပေးအရေးကိစ္စအဖြစ် ဆက်လက်တည်ရှိနေကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

"ယူကရိန်း၌ သွေးထွက်သံယိုမှုများ ရပ်တန့်ကာ ပဋိပက္ခကို အဆုံးသတ်ရမည်"ဟု ဟက်ဆက်က ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

မဟာမိတ်တို့၏ အင်အားကို စစ်မြေပြင်အခြေအနေအား လက်တွေ့ကျကျ အကဲဖြတ်ချက်နှင့် ပေါင်းစပ်ခြင်းဖြင့်သာ ယင်းပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်စေသော စစ်ပွဲကို အဆုံးသတ်ပြီး တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဟု ၎င်းက မှတ်ချက်ချခဲ့ကြောင်း သိရသည်။ **Mon**

## ၂၀၂၄ ခုနှစ် မလေးရှားနိုင်ငံ၏ စီးပွားရေးအခြေအနေ ၅ ဒသမ ၁ ရာခိုင်နှုန်း ကြီးထွားလာသည်ဟု ဗဟိုဘဏ် ထုတ်ပြန်

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၄**

မလေးရှားနိုင်ငံ ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ်တွင် မလေးရှားနိုင်ငံ၏ စီးပွားရေးသည် ၅ ဒသမ ၁ ရာခိုင်နှုန်း ကြီးထွားလာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပြည်တွင်းဝယ်လိုအားနှင့် ရင်းနှီးမြှုပ်နှံမှုများ ခိုင်မာစွာရှိနေခြင်းကြောင့် မလေးရှားနိုင်ငံတွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၏ ကျဆင်းမှုကာမိခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာမှ ဒီဇင်ဘာလအတွင်း စုစုပေါင်းပြည်တွင်းထုတ်ကုန်သည် ၅ ရာခိုင်နှုန်း ကျယ်ပြန့်လာပြီး၊ ယခင်သုံးလပတ်တွင် ၅ ဒသမ ၃ ရာခိုင်နှုန်း ကြီးထွားခဲ့သော်လည်း ကြိုတင်ခန့်မှန်းထားသည်ထက် ၄ ဒသမ ၈ ရာခိုင်နှုန်း မြင့်မားခဲ့ကြောင်း မလေးရှားဗဟိုဘဏ်က ဖေဖော်ဝါရီ ၁၄ရက်တွင် ထုတ်ပြန်ကြေညာသည်။

ယခုနှစ်ပိုင်းတွင် မလေးရှား၏ ဂျီဒီပီကြီးထွားမှုသည် ၂၀၂၃ ခုနှစ်က ၃ ဒသမ ၇ ရာခိုင်နှုန်းမှ သိသိသာသာ မြင့်တက်လာခဲ့သည်။

မလေးရှားရင်းဂစ်ငွေသည် အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင်လည်း တန်ဖိုးတက်လာကြောင်း သိရသည်။ **Mon**

## မြူးနစ်မြို့တွင် ယမန်နေ့က ကားတစ်စီး လူအုပ်ထဲသို့ ဝင်တိုက်၊ လူ ၂၈ ဦး ထိခိုက်ဒဏ်ရာရပြီး အခြေအနေဆိုးရွား

**ဘာလင် ဖေဖော်ဝါရီ ၁၄**

ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ယမန်နေ့က ကားတစ်စီး လူအုပ်ထဲသို့ ဝင်တိုက်မိရာ လူ ၂၈ ဦး ထိခိုက်ဒဏ်ရာရပြီး အချို့မှာ အခြေအနေဆိုးရွားသည်ဟု အာဏာပိုင်များက ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကားမောင်းသူမှာ အသက် ၂၄ နှစ်အရွယ် အာဖဂန်လူမျိုး ခိုလှုံခွင့်တောင်းသူတစ်ဦးဖြစ်ပြီး ယခင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သော မှုခင်းများနှင့် ခိုးမှုများရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဖော်ထုတ်သိရှိထားသည်။

ယာဉ်မောင်းကို ဖမ်းဆီးထိန်းသိမ်းထားပြီး မည်သည့်အန္တရာယ်မျှမရှိတော့ဟု ဒေသခံရဲတပ်ဖွဲ့က လူမှုကွန်ရက်ပေါ်တွင် အသိပေးထားကြောင်း သိရသည်။ **Mon**



## ဘူဆန်မြို့ရှိ ဟိုတယ်တည်ဆောက်ဆဲနေရာ တစ်နေရာ၌ မီးလောင်မှုဖြစ်ပွား၊ လူခြောက်ဦး သေဆုံးခဲ့သည်ဟု ဆို

**ဆိုးလ် ဖေဖော်ဝါရီ ၁၄**

တောင်ကိုရီးယားနိုင်ငံ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ဘူဆန်မြို့ရှိ ဟိုတယ်တည်ဆောက်ဆဲနေရာ တစ်နေရာတွင် ဖေဖော်ဝါရီ ၁၄ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ လူခြောက်ဦးသေဆုံးပြီး နှစ်ဆယ့်ငါးဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ယင်းမီးလောင်မှုသည် ဘန်ယန်းထရီးဟိုတယ် တည်ဆောက်ဆဲနေရာတွင် ဒေသစံတော်ချိန် နံနက် ၁၁နာရီမတိုင်မီက စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမျိုးသားမီးသတ်ဦးစီးဌာနက သတင်းထုတ်ပြန်သည်။



မီးလောင်မှုသည် အဆောက်အအုံ၏ ပထမထပ်တွင် စတင်ခဲ့ရာ ဒဏ်ရာရသူအများစုမှာ မီးခိုးရှူမိခြင်းကြောင့် ဆေးရုံသို့ရောက်ခဲ့ပြီး မပြင်းထန်သော ဒဏ်ရာများဖြစ်သည်ဟု ပြည်သူ့ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်၌ တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုဆောင်ရွက်နေသူများအား ဖော်ထုတ်ဖမ်းဆီးရမိ၊ လိုအပ်သည့် စစ်ဆေးဖော်ထုတ်မှုများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နိုင်ငံတော် အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်း လုပ်ကိုင်မှုများကို ထိရောက်စွာ ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိသည့် အပြင် နိုင်ငံတကာနှင့် ပူးပေါင်း၍လည်း ဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွစွာဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် မိမိတို့ဒေသများအတွင်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများအပါအဝင် အခြားဒုစရိုက်လုပ်ငန်းများ မရှိစေရေး ရှာဖွေဖော်ထုတ် ဖမ်းဆီးခြင်း၊ အရေးယူ ဆောင်ရွက်ခြင်းများကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက တင်းတင်းကျပ်ကျပ် စိစစ်ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

ထိုသို့ ရှာဖွေဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ ဖေဖော်ဝါရီ ၁၂ ရက်တွင် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်ရှိ ထိုင်းနိုင်ငံတွင်နေထိုင်သူ ဝယ်ဆန် ငှားရမ်းထားသည့် နေအိမ်တွင် အွန်လိုင်းလောင်းကစား တာဝန်ခံ မင်းကျော်နှင့် စကားပြန်၊ စာရင်းကိုင် ရီရီဖြိုးတို့ နှစ်ဦး အပါအဝင် အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီးငါးဦး စုစုပေါင်း ၁၆ ဦး တရားမဝင်အွန်လိုင်းလောင်းကစားပြုလုပ်ရာ၌ အသုံးပြုသည့် laptop ၆၁ လုံး၊ Flat Desktop ၃၂၉ လုံး၊ System (CPU) အလုံး ၉၀၊ ဖုန်းမျိုးစုံ အလုံး ၉၀၊ လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

လုံခြုံရေး ပူးပေါင်းအဖွဲ့များက ဆက်လက်ရှာဖွေ ဖော်ထုတ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက် ညနေပိုင်းတွင် အဆိုပါရပ်ကွက်အတွင်း နေထိုင်သည့် ထိုင်းနိုင်ငံသား အမျိုးသား ခုနစ်ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသားတစ်ဦး၊ အမျိုးသမီးငါးဦး စုစုပေါင်း ၁၃ ဦးတို့အား ကွန်ပျူတာ အလုံး ၅၀၊ ဖုန်းမျိုးစုံ အလုံး ၃၀၀၊ ဘိန်းစာရွက်(အစို) တစ်ကီလိုခန့်စီပါ လေးထုပ်၊ ဘိန်းစာရွက်ပြုတ်ရည် တစ်လီတာပါ ၁၀ ဘူးနှင့် ချောင်းဆိုးပျောက်ဆေးရည်ပုလင်း ၃၀ တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

စာမျက်နှာ ၁၉ သို့ ✶



ဆန်ဆိုင်း(က)ရပ်ကွက်ရှိ နေအိမ်ခြံဝင်း၌ အွန်လိုင်းဂိမ်းလောင်းကစားပြုလုပ်သည့် တရားခံ ၁၆ ဦးအား ဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံ။




ထိုင်းနိုင်ငံတွင် နေထိုင်သူ ဝယ်ဆန် ငှားရမ်းထားသည့် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်ရှိ အွန်လိုင်းဂိမ်းလောင်းကစားသမားများ နေထိုင်သည့် အဆောက်အအုံကို တွေ့ရစဉ်။



အွန်လိုင်းဂိမ်းလောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဖုန်းအလုံး ၉၀ ၏ မှတ်တမ်းဓာတ်ပုံ။

ဖေဖော်ဝါရီ ၁၂ ရက်တွင် ဖမ်းဆီးရမိသည့် အွန်လိုင်းဂိမ်းလောင်းကစားသမား တရားခံ ၁၆ ဦး၏ မှတ်တမ်းဓာတ်ပုံ






အွန်လိုင်းဂိမ်းလောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် Flat Desktop ၃၂၉ လုံး၏ မှတ်တမ်းဓာတ်ပုံ။



အွန်လိုင်းဂိမ်းလောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် System (CPU) အလုံး ၉၀ ၏ မှတ်တမ်းဓာတ်ပုံ။





အွန်လိုင်းဂိမ်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် မော်တော်ယာဉ်များ၏ မှတ်တမ်းဓာတ်ပုံ။



ဖေဖော်ဝါရီ ၁၃ ရက်တွင် ဖမ်းဆီးရမိသည့် အွန်လိုင်းလောင်းကစားသမားများဖြစ်ကြသည့် ထိုင်းနိုင်ငံသားအမျိုးသား ခုနစ်ဦး၊ မြန်မာနိုင်ငံသားအမျိုးသား တစ်ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်းတရားခံ ၁၃ ဦး၏ မှတ်တမ်းဓာတ်ပုံ။

တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်၌ အွန်လိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် တရားခံများအား ဖမ်းဆီးရမိသည့် နေရာပြပုံ







ဖေဖော်ဝါရီ ၁၃ ရက်တွင် ဖမ်းဆီးရမိသည့် အွန်လိုင်းလောင်းကစားသမားများဖြစ်ကြသည့် ထိုင်းနိုင်ငံသားအမျိုးသား ခုနစ်ဦး၊ မြန်မာနိုင်ငံသားအမျိုးသား တစ်ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်းတရားခံ ၁၃ ဦးနှင့် ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနား ကျင်းပ



**ညောင်ဦး ဖေဖော်ဝါရီ ၁၄**

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ယမန်နေ့ နံနက် ၅ နာရီခွဲက ညောင်ဦးမြို့၊ အခြေခံပညာအထက်တန်းကျောင်း ပြည်ထောင်စုကျောက်တိုင်ရှေ့တွင် နိုင်ငံတော် အလံတင်အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအားလွှင့်ထူကာ အလေးပြုပြီး ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခဲ့ကြသည်။

ဒုတိယပိုင်း အခမ်းအနား သဝဏ်လွှာဖတ်ကြားခြင်းအား ပြည်ထောင်စုကျောက်တိုင်ရှေ့တွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌထံမှ ပေးပို့သည့် ၂၀၂၅ခုနှစ်၊ (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ သဝဏ်လွှာအား ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မင်းညိုက တက်ရောက်ဖတ်ကြားသည်။ ထို့နောက် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာမူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲဆုရ ကျောင်းသား၊ ကျောင်းသူများအား ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးခရိုင်ပညာရေးမှူးဦးကျော်ဝင်း၊ ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်မောင်ခ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးဝင်းလှိုင်တင့်နှင့်မြို့နယ်စီမံအဖွဲ့ဝင်များက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပလကဖအဖွဲ့ဝင်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ သူများက တက်ရောက်ခဲ့ကြောင်း သိရကာ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဝန်ထမ်းများက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၁)**

*-*-*-*-*

# “ဘဝအသိ” စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှု အခြေအနေများ ကြည့်ရှုစစ်ဆေး

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ကျေးရွာအုပ်စု၊ မိုင်ကုန်းကျေးရွာတွင် “ဘဝအသိ”စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှု အခြေအနေများအား ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်သို့ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်း၊ မန္တလေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည်မွန်သူ၊ မြို့နယ်ဦးစီးအရာရှိ ဦးဇင်မင်းထွန်းနှင့်တကွ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

အဆိုပါစာကြည့်တိုက်အား ၂၀၂၄ခုနှစ် ဒီဇင်ဘာ ဖရက်က စတင်ဆောက်လုပ်ခဲ့ပြီး အလျား ပေ ၃၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ပေ နံကပ်တိုက်အား အလှူရှင် စာရေးဆရာမကြီး ဒေါ်အေးအေးခိုင်(ပညာရေး)က ငွေကျပ် သိန်း ၁၅၀ဖြင့် မ,တည်ကာ မိုင်ကုန်းကျေးရွာ ဒေသခံပြည်သူများမှလည်း ထည့်ဝင်အလှူငွေများဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၂၂၀ အကုန်ကျခံ ဆောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း စာကြည့်တိုက်ကော်မတီနာယက ဦးရန်ရှင်းထံမှ သိရသည်။

**(၀၉၅)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၁၃ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Wai Mar Lwin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရောတီ တိုင်းဒေသကြီး ဘိုကလေးမြို့နယ် အမှတ်(၁) ရပ်ကွက်နေ တိုးတိုးအေး၊ “Tint Naung Mg” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အမှတ် (၄) ရပ်ကွက်နေ တင့်နောင်၊ “May Tha Zin Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အမှတ်(၉) ရပ်ကွက်နေ မေသဇင်ဦး တို့ သုံးဦးကို မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် ဘိုကလေးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံမျိုးစုံ ၆၀၈၉၆ ဧက စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ရာသီအလိုက် သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံမျိုးစုံ ၆၀၈၉၆ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများမှာ မိုးကောင်းဖြစ်သော်လည်း ဒီနှစ်ဆောင်းရာသီ သီးနှံစုံစိုက်ပျိုးဖို့ ၅၇၃၃၆ ဧက လျာထားပြီး လက်ရှိအချိန်ထိ ၆၀၈၉၆ ဧကစိုက်ပျိုးပြီးဖြစ်ရာ လျာထားချက်ထက် ဧက ၃၅၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ စိုက်ပျိုးရာမှာ ချောင်းရေနဲ့ မြေအောက်ရေတင်စိုက်ပျိုးပြီး သီးထပ်၊ သီးညှပ် စိုက်ပျိုးကြဖို့ တောင်သူတွေနဲ့ ဆွေးနွေးလျက်ရှိပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ်၊ ဆောင်းသီးနှံမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲမျိုးစုံ ၂၁၉၀၆ ဧက၊ ဆီထွက်သီးနှံ ၃၅၂၇၂ ဧက၊ စားဖိုဆောင်သီးနှံ ၉ ဧက၊ အခြားသီးနှံစုံ ၃၇၀၉ ဧက၊ စုစုပေါင်း ၆၀၈၉၆ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ စာရင်းများအရ သိရသည်။

**(၄၈၀)**

# ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်း တိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသား၍ အွန်လိုင်းမီဒီယာများတွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အထက်ပါ သတင်းနှင့်ပတ်သက်၍ နယ်မြေခံ လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အကြမ်းဖက်သမားများ အနေဖြင့် ၎င်းနယ်မြေအတွင်း ပြည်သူများ အေးချမ်းသာယာစွာဖြင့် နေထိုင်လုပ်ကိုင်နိုင်စေရေး အတွက် လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထိခိုက်စေရန်ရည်ရွယ်၍ Drone များအသုံးပြုကာ Drop Bomb ချတိုက်ခိုက်မှုများကြောင့် အေးချမ်းစွာနေထိုင်လျက်ရှိသည့် ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခြင်း၊ အသက်၊ အိုးအိမ်၊ စည်းစိမ်များ ဆုံးရှုံးရခြင်းများရှိကြောင်း၊ ပြည်ဖျက်မီဒီယာများ အနေဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

✶ စာမျက်နှာ ၁၈ မှ

သို့ဖြစ်၍ တာချီလိတ်မြို့နယ် ဆန်ဆိုင်း(က)ရပ်ကွက်အတွင်း ဖေဖော်ဝါရီ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှုအနေဖြင့် တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်း လုပ်ကိုင်မှုများဖြစ်ကြသည့် ထိုင်းနိုင်ငံသား အမျိုးသား ခုနစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၉ ဦးတို့နှင့်အတူ ကွန်ပျူတာမျိုးစုံအလုံး ၄၄၊ System (CPU) ၉၀၊ ဖုန်းမျိုးစုံ ၃၉၀၊ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး၊ ဘိန်းစာရွက်(အစို) တစ်ကီလိုခန့်စီပါ လေးထုပ်၊ ဘိန်းစာရွက်ပြုတ်ရည် တစ်လီတာပါ ၁၀ ဘူး၊ ချောင်းဆိုးပျောက်ဆေးရည် ပုလင်း ၃၀ နှင့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ ထိုင်းနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံ တာချီလိတ်မြို့သို့ အလည်အပတ်နှင့် အလုပ်လုပ်ကိုင်ရန်အတွက် အမှတ်(၁) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဝင်ရောက်လာခဲ့ရာမှ တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်လုပ်ကိုင်ကြသူများက ဆက်သွယ်ခဲ့သဖြင့် ယခုကဲ့သို့ လုပ်ကိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ အွန်လိုင်းဂိမ်းပိုင်ရှင်ဖြစ်သူ တစ်ဖက်နိုင်ငံ ချင်းမိုင်မြို့တွင် နေထိုင်သည့် ထိုင်းနိုင်ငံသားဝယ်ဆန်နှင့် ဇနီးဖြစ်သူ ရန်ကျူးအပါအဝင် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေး လိုအပ်သောလုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များတွင် ဖမ်းဆီးရမိသူများကို စနစ်တကျစိစစ်ဆောင်ရွက်လျက်ရှိပြီး ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

အသက်သည် သွေး၊
သွေးသည် အသက်။

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၃၃)၊ ဦးပိုင်အမှတ်(၁-အ/၃)၊ ၁၇လမ်း၊ ၈၇လမ်းနှင့် ၈၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လှတင့်(၉/မနမ(နိုင်)၀၉၄၈၇၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၈၅)၊ ဦးပိုင်အမှတ်(၄၃-င/ခဲစင်း)၊ ၈၉လမ်း၊ ၁၅လမ်းနှင့် ၁၆လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လှငြိမ်း (၉/မနမ(နိုင်)၀၇၀၅၃၂)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၃၈၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ပွင့်ဖြူဖွေး(၉/ခအဇ(နိုင်)၀၀၇၆၇၆)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့် တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှကော်မတီလုပ်ငန်းများတွင် အသုံးပြုရန် ဒီဇယ်ဆီ (၁၇၀၀၀၀)ဂါလန်၊ Octane-92(၂၇၀၀၀)ဂါလန်နှင့် ပရီမီယမ်ဒီဇယ် (၆၀၀၀၀)ဂါလန်ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူမည် ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၂၄-၂-၂၀၂၅ ရက်
(ခ) တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၂၆-၂-၂၀၂၅ ရက်
(ဂ) လျှောက်လွှာရောင်းချမည့်နေရာ - ၆၂လမ်း၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန
(ဃ) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေ့ရက် - ၅-၃-၂၀၂၅ ရက်
(င) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေရာ - ၂၆လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအစည်းအဝေးခန်းမ(၁)
(စ) တင်ဒါပုံစံဈေးနှုန်းများမှာ - ဒီဇယ်ဆီ ငွေကျပ် ၃၀၀၀၀/-
- ဝ့အော်ဂျင်-၉၂ ငွေကျပ် ၁၀၀၀၀/-
- ပရီမီယမ် ဒီဇယ်ဆီ ငွေကျပ် ၁၀၀၀၀/-

၂။ စက်သုံးဆီသွင်းကုန်လိုင်စင် (Fuel Import License) တင်ပြနိုင်သော ကုမ္ပဏီဖြစ်ရမည်။
၃။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများ အားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဖုန်းနံပါတ် ၀၂-၄၀၈၀၁၅၇၊၀၂-၄၀၈၁၃၁၆၊ ၀၉-၄၄၄၀၁၅၀၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅/N)၊ ဦးပိုင်အမှတ်(၁၅၉-တ/ခဲစင်း)၊ ၈လမ်းနှင့် ၉လမ်းကြား၊ ၈၆လမ်းနှင့် ၈၇လမ်းကြားရှိ ဒေါ်မြင့်မြင့်သိန်း အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၈၂၃/၂၀၁၅)ဖြင့် ဒေါ်နိုင်မာဝင်း၊ ဒေါ်လှိုင်မာဝင်းတို့က ပိုင်ဆိုင်ခဲ့ပြီး ဒေါ်လှိုင်မာဝင်းထံမှ စွန့်လွှတ်စာချုပ်အမှတ်(၂၈၂၄/၂၀၁၅)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်နိုင်မာဝင်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၀/၂၀၂၁)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နှင်းဒါလီမိုး(၉/အမဇ(နိုင်)၀၄၁၆၃၉)က ဦးပိုင်ခွဲမိန့်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ပ-၈)၊ ဦးပိုင်အမှတ်(၃၁-ခ)၊ ၃၉လမ်းနှင့် လမ်း ၄၀ကြား၊ မီးရထားသံလမ်းအနီးရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ (ခင်ပွန်း)ဦးကျိုးမင်းချမ်း ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်အယ်အနန်း(၁၃/ကခန(နိုင်)၀၀၁၇၈၂)က ဂရန်စာချုပ်မူရင်းနှင့် ဆက်စပ်စာရွက်စာတမ်းမူရင်းများမှာ အထားအသို မှားယွင်း၍ ပျောက်ဆုံးသွားကြောင်း၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၉)၊ ဦးပိုင်အမှတ်(၇၅-ခ)၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြား၊ ၄၄လမ်းနှင့် ၄၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုင်းဆိုင်ခွမ်းမိုင်း(၁၃/မဆတ(နိုင်)၀၄၇၄၅၁)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၄၀၅/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်သီတာပိုင်(၉/မနမ(နိုင်)၁၂၀၇၁၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ယခင် ၅၃၈၊ ယခုအပိုင်း-၃)၊ ဦးပိုင်အမှတ်(ယခင် ၃/၁၁၁+၁၁၂+၁၃၀+၁၃၁+၁၃၂၊ ယခု ၁၁၁+၁၁၂+၁၃၀+၁၃၁+၁၃၂)၊ ၅၁လမ်းနှင့် ၅၂လမ်းကြား၊ ၁၁၁လမ်းနှင့် ၁၁၂လမ်းကြားရှိ ဦးကျော်ညွန့် အမည်ပေါက် တောဂရန်မြေကွက်အား (ဖခင်)ဦးဟန်၊ (မိခင်)ဒေါ်အုန်းစိန်၊ (သား)ဦးကျော်ညွန့်(လူပျိုဘဝ)၊ (သမီး)ဒေါ်သိန်းကြည် (အပျိုဘဝ)၊ (သမီး)ဒေါ်အေးညိမ်းနှင့် (ခင်ပွန်း)ဦးတင်အောင်၊ (မြေး)ဒေါ်သန်းဆွေနှင့် (ခင်ပွန်း)ဦးဟန်ဌေးတို့ ကွယ်လွန်၍ ကျန်ရစ်သူမြစ်များဖြစ်ကြသော ဦးစိန်လင်းမောင်(၉/ပသက(နိုင်)၀၇၄၄၄၇)၊ ဦးသိန်းလင်းအောင်(၉/ခမစ(နိုင်)၀၃၀၄၈၃)တို့က မြေချထားမိန့် ငွေသွင်းပြေစာမူရင်းများမှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ်(ခ-၂)၊ ဦးပိုင်အမှတ်(၃၀)၊ ၆၅ လမ်းနှင့် ၆၆ လမ်းကြား၊ လမ်း ၄၀နှင့် ၄၁ လမ်းကြားရှိ ဦးသန်းမောင် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၂၀၀/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဦးညီညီထွန်း(၉/မရတ(နိုင်)၁၀၈၇၉၇)၊ ဒေါ်သီတာထွန်း(၉/မရတ(နိုင်)၀၀၀၆၇၀)၊ ဒေါ်နီလာထွန်း(၉/မရတ(နိုင်)၁၀၈၇၃၉)တို့က အမှုတွဲအမှတ်(၆၆၁၂/၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကွာရှင်းပြတ်စဲပြီးစီးကြောင်း
## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၆၄(စီ)လမ်း၊ ၁၀၉လမ်းနှင့် ၁၁၀လမ်းကြားနေ ဦးလှိုင်မျိုးဟိန်း(ဘ)ဦးစောအောင်(၈/မမန(နိုင်)၁၇၈၆၃၉)နှင့် မြစ်သားမြို့နယ်၊ ခန္တီးလေးရွာနေ ဒေါ်ယဉ်ယဉ်နွေး(ဘ)ဦးခင်မောင်ရင်(၉/မသန(နိုင်)၁၈၇၄၇၆)တို့သည် (၁၂-၂-၂၀၂၅)ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် နောက်နောင် ဒေါ်ယဉ်ယဉ်နွေးနှင့်ပတ်သက်သော ငွေရေးကြေးရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စအဝဝတို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှိုင်မျိုးဟိန်းနှင့် မည်သို့မျှ ပတ်သက်ခြင်းမရှိတော့ပါကြောင်း၊ ဦးလှိုင်မျိုးဟိန်း၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဒေါ်ယဉ်ယဉ်နွေးနှင့် လုံးဝ(လုံးဝ)သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှိုင်မျိုးဟိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မျိုးသန္တာထွန်း (LL.B , LL.M)**
**တရားလွှတ်တော်ရှေ့နေ**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၉၇၃၂၂၇၆၃၀**

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၈)၊ ဦးပိုင်အမှတ် (၁၉)၊ ၅၉လမ်းနှင့် သံလမ်းကြား၊ မြတ်လေးနှင့် ပိတောက်လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးလှိုင်(၉/မရတ(နိုင်)၀၃၅၃၇၃)၏ (SP ရရှိသူ ဒေါ်စိုးနန္ဒာလှ)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၆၆၂၀/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၃)၊ ဦးပိုင်အမှတ်(၂)၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြား၊ လမ်း၅၀နှင့် ၅၁လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်းဖေ၏(SPရရှိသူ ဦးစိုင်းခမ်းလင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၂၂၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လောမွေ(၁/ဝမန(နိုင်)၀၀၁၄၀၀)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၆၆၁၉/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၃)၊ ဦးပိုင်အမှတ်(၅)၊ ၅၁လမ်းနှင့် ၅၂လမ်းကြား၊ ၁၁၅လမ်းနှင့် ၁၁၆လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးစံသိန်းထံမှ အမွေဆက်ခံစာချုပ်အမှတ်(၂၆၁၉/၂၀၁၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်မကြီး၏ (SP ရရှိသူ ဒေါ်သီတာ(ခ)ဆီသာ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၀၅၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးရဲမြင့်ထွန်း(၁၃/ကမန(နိုင်) ၁၃၅၇၅၃)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၆၆၂၁/၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၆)၊ ဦးပိုင်အမှတ်(၂၂-ခ)၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၁၁၁လမ်းနှင့် ၁၁၂လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးကိုမြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၄၉၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စန်းစန်းလှိုင်(၉/မရတ(နိုင်)၁၂၈၆၆၆)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၆၆၂၂/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၇)၊ ဦးပိုင်အမှတ်(၉၀-ခ)၊ ၇၁လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မီနာ(၉/မနမ(နိုင်)၀၆၀၆၅၁)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၂/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇင်ဇင်ထွန်း(၉/ပကခ(နိုင်)၀၀၂၄၄၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ၈၁လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြား နေထိုင်သူ ဦးတင်ထွန်း+ဒေါ်မြင့်မြင့်သန်းတို့၏မြေး ဦးဇော်ဇော်အောင်+ဒေါ်သန္တာကြူတို့၏သား ဖွဲ့သီဟဇော်(ခ)ဘီးလားဘိုင် မှတ်ပုံတင်အမှတ်(၉/ခအဇ(နိုင်)၀၆၆၈၇၀)သည် မိဘအုပ်ထိန်းသူများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိဘဆွေမျိုးမောင်နှမများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကို ပြုလုပ်ခဲ့ပြီး ၎င်း၏ဆန္ဒသဘောထားအလျောက် နေအိမ်မှ ဆင်းသွားခဲ့ပါသည်။ ထို့ကြောင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအပြင်၊ ၎င်းရသင့်ရထိုက်သော အခွင့်အရေးများကို အုပ်ထိန်းသူတို့မှ အမွေစား၊အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ဖြစ်ပေါ်လာသော မည့်သည့်ကိစ္စများကိုမဆို အုပ်ထိန်းသူများမှ (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အုပ်ထိန်းသူ –**
**အဖေ–ဦးဇော်ဇော်အောင်**
**မှတ်ပုံတင်အမှတ်–(၉ /မရမ(နိုင်)၀၈၀၃၄၈)**
**အဖိုး–ဦးတင်ထွန်း**
**မှတ်ပုံတင်အမှတ်–(၉ /မရမ(နိုင်)၀၆၃၇၃၉)**

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၇)၊ ဦးပိုင်အမှတ်(၇၁)၊ ၁၂၈လမ်း၊ လမ်း၆၀နှင့် ၆၁လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်မောင်၏(SP ရရှိသူ ဒေါ်ခင်မာဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၆၅၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးထွန်းရွှေ(၉/မရတ(နိုင်)၀၂၆၁၂၄)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၆၆၂၆/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၉)၊ ဦးပိုင်အမှတ်(၁၁၁)၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၁၅လမ်းနှင့် ၁၁၆လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ပြုံးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၂၀၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လှလှထွေး(၉/မနတ(နိုင်)၀၀၂၆၂၃)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၆၆၂၈/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လူငယ်များ၏စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကို သိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာ ပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းရှိ တောင်ငူ-ပျဉ်းမနားလမ်းပိုင်း၌ ရထားလမ်းအဆင့်မြှင့်တင်မှု ဆောင်ရွက်





နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားဘူတာမှ RBE ရထားဖြင့် လိုက်ပါ၍ ပျဉ်းမနား-တောင်ငူ ရထားလမ်းပိုင်း ၅၉ မိုင်အတွင်း ရထားများ အမြန်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေးအတွက် သံလမ်းနှင့် တံတားများ အဆင့်မြှင့်တင်နေမှုလုပ်ငန်းခွင်များကို စစ်ဆေးကြည့်ရှုသည်။

ထိုသို့ စစ်ဆေးကြည့်ရှုစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဘူတာအဝင်များ၌ လမ်းလွှဲလမ်းကူးနေရာများတွင် ရထားအရှိန်နှုန်းကို လျှော့ချနေရသည့်အခြေအနေကို စစ်ဆေး၍ ရထားဖြတ်သန်းမှုဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် မိုင်နှုန်းတိုးမြှင့်ဖြတ်သန်းနိုင်မည့် ခေတ်မီစိတ်ချရသည့် Cast Manganese Steel အမျိုးအစား လမ်းလွှဲလမ်းကူးအသစ်များဖြင့် အစားထိုး လဲလှယ်တပ်ဆင်ခြင်းကို အမြန်ဆုံးစီမံဆောင်ရွက်သွားရေး၊ ရထားတံတားချဉ်းကပ်လမ်းများ၌ ဘေးအန္တရာယ် ပိုမိုကင်းရှင်းစေရေး၊ ကြံ့ခိုင်မှု ပိုမိုကောင်းမွန်စေရေး၊ ရထားလမ်းဘေးတစ်လျှောက်ပြန်လည်သိမ်းဆည်းရန် ကျန်ရှိနေသည့် သံလမ်းအဟောင်းများအား ဘူတာများ၌ စနစ်တကျ ရွှေ့ပြောင်းသိမ်းဆည်းရေး၊ ရထားအမြန်နှုန်းမြှင့်တင်နိုင်ရန်အတွက် လိုအပ်နေသော လမ်းခင်းကျောက်များ ဖြည့်တင်းပေးနိုင်ရေး၊ ရထားလမ်းဘေးတစ်လျှောက် သန့်ရှင်းသပ်ရပ်ရေးနှင့် ဘူတာများတွင် ဝန်ထမ်းများ သတ်မှတ်ထားသည့်လုပ်ငန်းစဉ်များအတိုင်း တာဝန်ထမ်းဆောင်ကြစေရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူဘူတာနှင့် သောင်းတိုင်ကုန်းဘူတာအကြား အဆန်လမ်းတွင် ခပေါင်း သံပေါင်တံတားပေါ်၌ ရထားများ မိုင်နှုန်းတိုးမြှင့်ဖြတ်သန်းနိုင်ရေး အတွက် သစ်သားဇလီဖားအဟောင်းများအစား ခေတ်မီ Synthetic Sleeper အသစ်များဖြင့် လည်းကောင်း၊ မူလ ၇၅ ပေါင်သံလမ်းဟောင်းများအစား ပေါင် ၁၀၀ အလေးချိန်ရှိ 50 N သံလမ်းအသစ်များဖြင့် လည်းကောင်း အစားထိုး၍ တံတား ပိုမိုကြံ့ခိုင်လာအောင် ကြိုးပမ်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ရှိ မြန်မာ့မီးရထားဝန်ထမ်းများအား နှုတ်ဆက် အားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း နီပေါနိုင်ငံ ခတ္တမန္ဒူမြို့သို့ ထွက်ခွာ

လေးနိုင်ငံ အမျိုးသမီး ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြိုင်ပွဲကျင်းပမည့် နီပေါနိုင်ငံ၊ ခတ္တမန္ဒူမြို့သို့ ထွက်ခွာသွားခဲ့သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ၊ နည်းပြ ၁၀ ဦး၊ ကစားသမား ၂၃ ဦး ပါဝင်ပြီး ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တွင် နှစ်သုတ်ခွဲ၍ နီပေါသို့ သွားရောက်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ ၁၇ ရက်တွင် လက်ဘနွန်၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကာကျစွတန်၊ ဖေဖော်ဝါရီ ၂၃ ရက်တွင် အိမ်ရှင်နီပေါအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးနှစ်သင်းသည် ဖေဖော်ဝါရီ ၂၆ ရက်တွင် နောက်ဆုံးဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(NGB)

၀-၀-၀-၀-၀